ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (27-7-2008)(၅၇၅၂)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၁၈ နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်မားပြီး အောင်မြင်

## နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ မျက်ဝါးထင်ထင်တွေ့မြင်ရ

## တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဖြစ်ထွန်းအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပထဝီဝင်အနေအထားအရ အခက်အခဲ၊ အဟန့်အတားများရှိ၍ အတွင်းပိုင်းဒေသများနှင့် ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်နိုင်အောင် အထူးအာရုံစိုက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ရောက်ရှိစဉ်ကာလတွင် အမြတ်အစွန်းရရှိရန် ခက်ခဲသော နယ်စပ်ဒေသများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

> **“ယခုနှစ်သည် စတုတ္ထ(၅)နှစ် စီမံကိန်းကာလ၏ စီမံကိန်းဒုတိယနှစ်ဖြစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း စတင်သည့် ၁၉၈၉ ခုနှစ်ကနေ ယခုအထိ နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၂၃၁၁၃ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့။”**

**ယနေ့ ဆောင်းပါးအညွှန်း**

**ဇာတ်ဆရာမောင်ကျော့ကျော်ဒိုး၏ “မပေးပေး ပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး”**

**(ဆောင်းပါး) စာမျက်နှာ-၆**

ကြေးမုံ The Mirror
၂၇-၇-၂၀၀၈
(တနင်္ဂနွေနေ့)

# သုတေသနရလဒ်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးချ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး ကြိုးပမ်းဆောင်ရွက်

စားနပ်ရိက္ခာဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ နေရာဒေသမရွေး စားနပ်ရိက္ခာဖူလုံစွာ ရရှိရေး၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ရေးတို့သည် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်ရာ လယ်ယာစိုက်ပျိုးသော နိုင်ငံတိုင်းက သီးနှံများ ပိုမိုစိုက်ပျိုးထွက်ရှိရေး ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်အစိုးရက နေ့စဉ် တိုးတက်လာနေသော ပြည်သူများ စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ သီးနှံအထွက်တိုးရေး၊ စက်မှုလယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

သစ်တောကဏ္ဍသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေမြေ ရာသီဥတု ညီညွတ်မျှတရေးတွင် အရေးပါသည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းရေး၊ သစ်တောသယံဇာတများ စနစ်တကျထိန်းသိမ်းရေးတို့ကို အလေးထားဖော်ဆောင်လျက်ရှိသည်။

အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ ရောဂါကာကွယ်ကုသရေး၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါး၊ပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထုပ်ပိုးဖြန့်ဖြူးမှု နည်းစနစ်သစ်များ တိုးတက်လာရေးတို့ကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရသည်။

မျက်မှောက်အချိန်အခါသည် သုတအခြေခံ စိုက်ပျိုးရေးခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာ တိုးတက်လာနေသော လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီနည်းပညာ၊ အတတ်ပညာများ ပေါင်းစပ်အသုံးပြုနိုင်ရေး သုတေသနလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ယခုအခါ ဝန်ကြီးဌာန နယ်ပယ်အသီးသီးမှ ပညာရှင်များ၏ ကြိုးပမ်းသုတေသနပြု ရှာဖွေတွေ့ရှိချက် ရလဒ်များကို လယ်ယာ၊ သစ်တော၊ သား၊ ငါးကဏ္ဍများ၏ ထုတ်လုပ်မှု လုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချလာနိုင်ရေး ကြိုးပမ်းလျက်ရှိရာ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမို အထောက်အကူပြုမည် ဖြစ်ပါသည်။ ။

## သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်)တရားပွဲ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်အရှင်နန္ဒာစရိယသည် ဝါတွင်းကာလ ဝါခေါင်လဆန်း ၁၂ ရက်နှင့် ၁၃ ရက်၊ ၁၄ရက်ညများတွင် မြေတိုင်ကျေးရွာ တိုက်ကြီးမြို့နယ်နှင့် ကတုက္ကမရွာ ညောင်တုန်းမြို့နယ်၌လည်းကောင်း၊ ဝါခေါင်လပြည့်နေ့တွင် မင်းလှဝကျေးရွာ တိုက်ကြီးမြို့နယ်၌လည်းကောင်း၊ ဥပုသ်နေ့တိုင်း ဝါတွင်းသုံးလ သီရိသုခမ္မာရုံ အမှတ် ၄၅၊ ၁၈လမ်း၊ (၁)ရပ်ကွက် လသာမြို့နယ်၌လည်းကောင်း ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၄ ရပ်ကွက်၊ သရဖီ(၆)လမ်းနေ ဦးချစ်ဟန်(လ/ထ အထွေထွေမန်နေဂျာ)-ဇနီး ဒေါ်ချိုချိုမြင့်၊ သမီးနှင်းပွင့်ဟန်၊ မဇွန်ဖြူဟန် မိသားစုတို့က ဒေါ်ခင်စန်းဝေအား ရည်စူး၍ ငွေကျပ်နှစ်သိန်းခန့်တန်ဖိုးရှိ နားကပ်တစ်ရန်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ လက်ခံယူစဉ်။** (က-ပ)

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ပျဉ်းမနားရှိ သောကြာဆွမ်းလောင်းဓမ္မာရုံ၌ အရုဏ်ဆွမ်းလောင်းလှူ

နေပြည်တော် ဇူလိုင် ၂၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နေပြည်တော်ဒေသတာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီမိသားစုအား အမှူးထား၍ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် ဇူလိုင် ၂၅ ရက် နံနက် ၅ နာရီတွင် နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ်ကွက် သောကြာဆွမ်းလောင်းဓမ္မာရုံ၌ အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပသည်။**

အဆိုပါ ဆွမ်းလောင်းလှူပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နေပြည်တော်ဒေသတာဝန်ခံ၊ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး၊ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့်အလုပ်အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးကိုကြီးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များက နေပြည်တော်ပျဉ်းမနားပါဠိတက္ကသိုလ် မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော် အရှင်မြတ် ၈၅၆ပါးတို့အား ဆွမ်းဘောဇဉ်နှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူကြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးဒေါ်မြသီဂီတို့ နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ်ကွက် သောကြာဆွမ်းလောင်းဓမ္မာရုံ၌ အရုဏ်ဆွမ်း လောင်းလှူကြစဉ်။** (သတင်းစဉ်)

# ဆွမ်းစားကျောင်းဆောင် ကျောင်းလွှတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် ဇီဝကလမ်းရှိ နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်၏ သဒ္ဓမ္မဘောဇန ဆွမ်းစားကျောင်းဆောင် ကျောင်းလွှတ်ပူဇော်ပွဲနှင့် အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၏ဇနီး ဒေါ်မြင့်မြင့်အေး၊ အလှူရှင်များ၊ စေတနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝါယမထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြ၍ ပရိတ်တရားတော်များကိုနာယူကာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်အေး **(ယာပုံ)**၊ အလှူရှင်များနှင့် စေတနာရှင်များက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမက ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

အဆိုပါ သဒ္ဓမ္မဘောဇန ဆွမ်းစားကျောင်းဆောင်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုတို့ကမတည်လှူဒါန်းငွေကျပ် ၈၅သိန်း၊ ဒေါက်တာကြင်နှင့်ဇနီး ဒေါက်တာ ခင်ခင်ရီ (ရှိုင်းဟုတ်မိသားစု)တို့ကငွေကျပ်၁၆၄ သိန်း၊ ဗိုလ်ကြီးဘုန်းဆွေနှင့် ဇနီး ဒေါ်အေးအေးမွန်မိသားစုတို့ကငွေကျပ် ၄၅၃၅၀၀၀၊ ဦးရွှေနှင့်ဇနီး ဒေါ်စိန်မြ (စိန်စိုးစံဆန်ဆိုင်) မိသားစုတို့က ငွေကျပ်၄၅၀၅၀၀၀နှင့်အလှူရှင်၊စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေများ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။**

ထို့နောက် ဝန်ကြီးက ဂုဏ်ထူး သုံးဘာသာနှင့်အောက် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ရန်အတွက် ဌာနအကြီးအကဲများသို့ ဂုဏ်ပြုဆုများ လွှဲပြောင်းပေးအပ်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူလေးဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ငါးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူငါးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သီဟဝင့်အောင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သား၊ သမီးများသည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး ခြောက်ဘာသာလေးဦး၊ ငါးဘာသာ ငါးဦး၊ လေးဘာသာ ၁၈ ဦး၊ သုံးဘာသာ ၁၈ ဦး၊ နှစ်ဘာသာ ၂၁ ဦး၊ တစ်ဘာသာ ၆၆ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅၀၄ ဦး စုစုပေါင်း ၆၃၆ ဦး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီး ခြောက်ဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

## အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ပိတောက်မြောင်တမံ(၃) အနီး၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။**

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ခရေ၊ စိန်ပန်းပြာ၊ ဇလပ်၊ အုန်း စသည့် အပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြပြီး ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဝန်ထမ်းများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်းပြာ၊ ဇလပ်၊ အုန်း အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်၊ သီးပင် ၁၅၆၇ ပင် တို့ကို စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီး၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ပိတောက်မြောင်တမံ(၃)အနီးတွင် ကျင်းပသော အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲသို့ ရောက်ရှိကြပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပိတောက်မြောင်တမံ(၃) အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ၃၂၀၀၀၊ ငါးခုံးမသားပေါက် ၃၂၀၀၀၊ ငါးကြင်းရွှေဝါ သားပေါက် ၁၆၀၀၀ စုစုပေါင်း ငါးသားပေါက်အကောင်ရေ ၈၀၀၀၀ ကိုစိုက်ထည့်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### မိုးရာသီ သစ်ပင်စိုက်ပျိုး

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။**

(သတင်းစဉ်)

## ဝါတွင်းပညာဒါန အင်္ဂလိပ်စကားပြောသင်တန်း

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်း တာမွေမြို့နယ် နား၊ နှာခေါင်း လည်ချောင်းဆေးရုံကြီးအနီး သမိန်ဗရမ်းလမ်းနှင့် ၁၅၄ လမ်းထောင့်ရှိ မင်္ဂလာဇေယျာပရိယတ္တိစာသင်တိုက်၌ ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဩဘာသ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ကြီးမှူး၍ ပညာဒါန သင်တန်းမှူး ဆရာတော် အရှင်ကဝိဓဇ (B.Com) က တာဝန်ယူပို့ချမည့် ဝါတွင်း သုံးလ ပညာဒါန အင်္ဂလိပ်စကားပြောသင်တန်းများကို ဩဂုတ်(၂/၃) ရက်မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။

### ဖွင့်လှစ်ပို့ချ

သံဃာတော်များ(သီးသန့်)အခြေခံသင်တန်းနှင့် ဆယ်တန်းဖြေဆိုထားသူများ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များအတွက် အဆင့်မြင့် အင်္ဂလိပ်စကားပြော သင်တန်းများကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ အင်္ဂလိပ်စကားပြော အမြန်လေ့လာသင်ကြားလိုသူများအတွက်လည်း အစုအဖွဲ့လိုက် အထူးသီးသန့် ကူညီပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၅၅၂၄နှင့် ၀၉-၅၀၀၇၁၃၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

### ဆက်ကပ်လှူဒါန်း

**ဦးစိုးမြင့်အား ရည်စူး၍ ဒေါ်မြင့်မြင့်ဝင်း မိသားစု (မန္တလေး)က ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်းမ မိုးကုတ်ဝိပဿနာ အေးရိပ်သာ ကျောင်းတိုက်အတွင်း သုံးထပ်ဆွမ်းစားကျောင်းအတွက် အလှူငွေကျပ် သိန်း ၃၀ ကို ဦးစီး ပဓာန နာယက မဟာကမ္မဋ္ဌာနာ စရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ရွှေမန်း ဦးသူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

# မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ သစ်တောပညာရပ်ဆိုင်ရာ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သစ်တောပညာရပ်ဆိုင်ရာ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် သစ်တောရေးရာဝန်ကြီးဌာန ရေဆင်းသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲတွင် သစ်တောစိုက်ပျိုးပြုစုမှုဆိုင်ရာ စာတမ်းခြောက်စောင်၊ သစ်အသုံးချမှုဆိုင်ရာ စာတမ်းလေးစောင်နှင့် ဆေးဖက်ဝင်အပင်ဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်း စာတမ်း ၁၁ စောင်တို့ကို ဖတ်ကြားတင်သွင်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှာစကားပြောကြား**

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ သစ်တောပညာရပ်ဆိုင်ရာ သတ္တမအကြိမ်မြောက် စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သစ်တော)

## ကျုံပျော်မြို့ ကျိုက်ပရောစေတီတော်နှင့် တန်ဆောင်းတော်မွမ်းမံတည်ဆောက်ရေး ငွေလှူ

**ရန်ကုန် ဇူလိုင် ၂၆**

ဧရာဝတီတိုင်း ကျုံပျော်မြို့ မင်္ဂလာလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကျိုက်ပရောစေတီတော်မြတ်ကြီးနှင့် တန်ဆောင်းတော်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင်၁၄ရက်နံနက်၈နာရီတွင် ဝေဠုဝန်ကျောင်းတိုက် သံဃာ့မာတာဝိသာခါရတနာ သိမ်တော်ကြီး၌ကျင်းပသည်။ အဆိုပါအလှူငွေပေးအပ်ပွဲတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုဏ္ဍိဉာဏာဘိဝံသ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဆရာတော်က သြဝါဒကထာနှင့် အနုမောဒနာတရားဟောကြားပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်းက ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၀၄၆-၅၆၂၇၆၊ ဘဏ္ဍာရေးမှူး ဦးလှသိန်းကြွယ် ဖုန်း-၀၄၆-၅၆၂၅၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ကံကောင်းခြင်းရဲ့ လျှို့ဝှက်ချက်**
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၄း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၉။ သံစဉ်များနဲ့ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၄၇)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖျူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း-၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## Mobile Software တစ်ခု ဈေးကွက်အတွင်း စတင်မိတ်ဆက်သည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ Myanmar Info-Tech ၌ GSM နှင့် CDMA Mobile Phone များတွင်ထည့်သွင်းအသုံးပြုနိုင်သည့် UbiFind English-Myanmar Dictionary for Mobile Phones ဟုခေါ်သည့် Mobile Software တစ်ခုအားဈေးကွက်အတွင်းသို့ စတင်မိတ်ဆက်သည့် Product Launch Seminarကို ယနေ့တွင် Sida Technology Co., Ltd က ဦးစီးကျင်းပသည်။ အဆိုပါ UbiFind English-Myanmar Dictionary for Mobile Phones Software အား Sida Technology Co., Ltd. မှ ကိုယ်ပိုင် တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Seminar တွင် UbiFind ဟု အမည်ရသည့် Mobile Phone များတွင် ထည့်သွင်းအသုံးပြုနိုင်သည့် English-Myanmar Dictionary အကြောင်းကို ရှင်းလင်းပြသရာ Mobile Phone ဆောင်ထားသူတိုင်းအတွက် Dictionary တစ်အုပ် ယူဆောင်သွားစရာမလိုဘဲ မိမိသိလိုသော အင်္ဂလိပ်စာလုံးကို Mobile Phone အသုံးပြု၍ အဓိပ္ပာယ်ကို အမြန်ဆုံး သိရှိနိုင်သဖြင့် လွယ်ကူသက်သာ၍ များစွာအထောက်အကူပြုသည့် Dictionary တစ်ခုဖြစ်ကြောင်းသိရသည်။

UbiFind English-Myanmar Dictionary ကို မြန်မာနိုင်ငံတွင် လူသုံးများနေသော "Modern English-Myanmar အဘိဓာန်" ကို အခြေခံထားပြီး စာလုံးရေ ၅၀၀၀၀ ကျော်ပါဝင်ကြောင်း၊ အထူးသဖြင့် Mobile Phone သုံးစွဲနေသည့် ပြည်တွင်း/ပြည်ပရှိ မြန်မာများ၊ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်သူများ၊ ကျောင်းသားကျောင်းသူများအတွက် အဆင်ပြေစေရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း။

UbiFind Dictionary ဝယ်ယူလိုပါက နည်းလမ်းနှစ်မျိုးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ကွန်ပျူတာကျွမ်းကျင်ပြီး မိမိကိုယ်တိုင် Install ပြုလုပ်လိုပါက Internet ပေါ်ရှိ WWW.sidatech. asia မှ Demo Version အား Download ပြုလုပ်၍ မိမိ Phone ပေါ်သို့ ထည့်သွင်းကာ စမ်းသပ်အသုံးပြုနိုင်ကြောင်း၊စမ်းသပ်ရာတွင် ကြိုက်နှစ်သက်ပြီး ဝယ်ယူလိုပါက ရန်ကုန်မြို့ရှိ စိန်ဂေဟာ စူပါမားကက်များအားလုံး အပါအဝင် အခြား Cash Drop Off Center များတွင်ငွေသွင်းကာ Activation Code ကို ရယူနိုင်ကြောင်း၊ ဆိုင်တွင် ထည့်သွင်းလိုသူများအတွက် ရန်ကုန်ရှိ 3 Mobile၊ Araindamar၊ Blu Ray၊ D Corner၊ G Shop၊ Great Mobile၊ Kyaw Brothers၊ Lu Gyi Min၊ Mega Mobile၊ Mobile King၊ Mobile Shopping Mall၊ Mobile Star စသည့် Mobile phone အရောင်းဆိုင်ကြီးများနှင့် မန္တလေးရှိ Any call၊ Mobile Mother၊ Mobile Zone၊ New Any call၊ Shwe Myanmar၊ Win Win Aung စသည့် Mobile Phone အရောင်းဆိုင်ကြီး များတွင်လည်း လွယ်လွယ်ကူကူ ဝယ်ယူထည့်သွင်းနိုင်ပြီး ထိုဆိုင်များမှ ရောင်းချပေး၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Cash Drop off Center နှင့် ရောင်းချပေးမည့် Mobile Phone အရောင်းဆိုင်များစာရင်းကို WWW. sidatech. asia တွင် ကြည့်ရှုနိုင်ကြောင်း စာလုံးရေ ၅၀၀၀၀ကျော်ပါဝင်သည့် UbiFind English Myanmar Dictionary(Pro Version) ကို မြန်မာကျပ်ငွေ ၁၉၀၀၀ ဖြင့်ဝယ်ယူနိုင်ပြီး စာလုံးရေ၂၅၀၀၀ ကျော်ပါဝင်သည့် UbiFind English Myanmar Dictionary(Lite Version) ကိုမြန်မာကျပ်ငွေ ၉၅၀၀ ဖြင့် ဝယ်ယူ အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### စတင်မိတ်ဆက်

**GSM နှင့် CDMA Mobile Phone များတွင် ထည့်သွင်းအသုံးပြုနိုင်သည့် UbiFind English-Myanmar Dictonary for Mobile Phones ဟုခေါ်သည့်Mobile Software တစ်ခုအား ဈေးကွက်တွင်းသို့ စတင်မိတ်ဆက်သည့် Product Launch Seminarကျင်းပစဉ်။** (သတင်းစဉ်)

## ကြေးမုံ တို

### ခွေးက ကလေးကိုကိုက်၍ ကလေးက ခွေးကိုပြန်ကိုက်

**ဆောပေါ်လို(ဘရာဇီး)ဇူလိုင်၂၅**

အသက်၁၁နှစ်အရွယ် ကလေးတစ်ဦးက ၎င်းကိုကိုက်သော ခွေးဘီလူးတစ်ကောင်ကို ပြန်ကိုက်သော သတင်းတစ်ပုဒ်ကို ဘရာဇီးနိုင်ငံမှ မီဒီယာများကအသားပေးဖော်ပြခဲ့ကြသည်။

ဘရာဇီးနိုင်ငံ၏မြို့တော် ဆောပေါ်လိုမြို့မှ ကြာသပတေးနေ့ထုတ်သတင်းစာများ၏ဖော်ပြချက်အရ ဂါဘရီယယ်အယ်လ်မေဒါ အမည်ရှိကလေးငယ်သည် ဘီလိုဟိုရီဇုန်တီမြို့ရှိ ဦးလေးတော်သူ၏ အိမ်နောက်ဖေးကွက်လပ်၌ ကစားနေစဉ် ခွေးဘီလူးက ၎င်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အယ်လ်မေဒါကလည်း အညံ့မခံဘဲ ခွေးကို လည်ပင်းမှ ဆွဲဖမ်းကာသွားတစ်ချောင်း ကျိုးသည်အထိ အသားကုန် ပြန်ကိုက်ခဲ့ကြောင်း သိရသည်။

အိုဂလိုဘိုသတင်းစာနှင့် တွေ့ဆုံရာ၌ "ဘဝတစ်ခုလုံးဆုံးရှုံးသွားတာထက် သွားတစ်ချောင်း ဆုံးရတာက ပိုကောင်းပါကြောင်း" ဖြင့် အယ်လ်မေဒါက ပြောကြားသည်။

အဆိုပါကလေးငယ်၏ ခွေးကိုက်ခံရသောဒဏ်ရာကို ဒေသတွင်းရှိ ဆေးရုံတစ်ရုံ၌ လေးချက်ချုပ်ပေးခဲ့ရကြောင်းနှင့် ခွေးကို သုတ်သင် ရှင်းလင်းလိုက်ကြောင်း အခြား သတင်းစာတစ်စောင်က ဖော်ပြသည်။

(အင်တာနက်)

# ဝန်ကြီး ဦးအောင်သောင်း စက်ရုံများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြင်းမွေးမြူရေးစီမံကိန်း (ရန်ပယ်)သို့ရောက်ရှိပြီး မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန်မျိုးကောင်း၊ မျိုးသန့်မြင်းများ မွေးမြူထားရှိမှုအခြေအနေနှင့် မြင်းပေါက်ပွားမှု အခြေအနေများ၊ မြင်းများကို စနစ်တကျ ကျွေးမွေးလျက်ရှိသော မြင်းအစာများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ ဒေါက်တာအောင်ခိုင်နှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းတို့က မြင်းများကိုလွတ်ကွင်း၌ စနစ်တကျထိန်းကျောင်းနေမှု၊ မြင်းစားကျက် ပါရာမြက် ၉၉ ဧက စိုက်ပျိုးထားရှိမှုနှင့် ဆက်လက် စိုက်ပျိုးရန် အခြေနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြင်းများ ကူးစက်ရောဂါပိုးမဖြစ်ပွားစေရန် ကြိုတင်စီမံဆောင်ရွက်ကြရန်မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်) သို့ ရောက်ရှိပြီး စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်တွင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြင်းမွေးမြူရေးစီမံကိန်း (ရန်ပယ်) တွင် ကြည့်ရှုစစ်ဆေးစဉ်။** (စက်မှု-၁)

**ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာညွန့်သိန်း၊ အထူးကုဆရာဝန်ကြီးများ၊ အလုပ်သင်ဆရာဝန်များ ပါဝင်သောအဖွဲ့ မြောင်းမြမြို့နယ်တွင် ကွင်းဆင်းကုသရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။** (ကျန်းမာရေး)

# ဒုတိယမြို့တော်ဝန် ပိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ပိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ရှိ ပန်တျာ အခွန်လွတ်ဈေး၊ ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီအခွန်လွတ်ဈေး၊ ရန်ကင်းမြို့နယ်ရှိ အခွန်လွတ်ဈေးများသို့ ရောက်ရှိပြီး ဈေးများအတွင်း တည်ခင်းရောင်းချနေသော ဆန်အရောင်းဆိုင်၊ စားအုန်းဆီအရောင်းဆိုင်၊ ဟင်းသီးဟင်းရွက်၊ သား၊ ငါးအရောင်းဆိုင်၊ ကုန်ခြောက်ဆိုင်၊ မြန်မာ့ ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အရောင်းဆိုင်၊ ပင်လယ်ငါး အရောင်းဆိုင်၊ ရေချိုရေငန်ငါးအရောင်းဆိုင်၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် အရောင်းဆိုင်၊ ဈေးများဌာန စိုက်ခင်းအရောင်းဆိုင်၊ သစ်သီးဝလံပန်းမန်များ အရောင်းဆိုင်များက ရောင်းချနေမှုနှင့် စိတ်လက်ချမ်းသာစွာ ဝယ်ယူနေသူပြည်သူများအား ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကင်းမြို့နယ် အခွန်လွတ်ဈေး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား အခွန်လွတ်ဈေး၏ ရည်ရွယ်ချက် (၅)ရပ်ဖြစ်သည့် ဈေးနှုန်းသက်သာစေရေး၊ အလေးချိန်မှန်ကန်စေရေး၊ သန့်ရှင်းလတ်ဆတ်စေရေး၊ ပြည်သူများစိတ်လက်ချမ်းသာစေရေးနှင့် တာဝန်ရှိသူအဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ကြရေးတို့ကို အထူးအလေးပေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၆**

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေး လျက်ရှိရာ ဆေးတက္ကသိုလ်(၁) ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာ ညွှန့်သိန်း၊ အထူးကုဆရာဝန်ကြီးများ၊ အလုပ်သင်ဆရာဝန်များ ပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မြောင်းမြမြို့နယ်သို့ သွားရောက်၍ ကွင်းဆင်း ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလုပ်သင် ဆရာဝန်အဖွဲ့နှင့်အတူ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ညွှန့်သိန်းသည် မြောင်းမြမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ သွားရောက်၍ လေဘေးသင့် မိဘမဲ့ကလေးငယ် ၁၀၄ ဦးအား အဝတ်အထည်၊ အသုံးအဆောင်နှင့် ကစားစရာများပေးဝေခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ကြပြီး စကောကရင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ လူနာ ၁၂၀ တို့အား ဆေးကုသမှုပေးခြင်းနှင့် လေဘေးသင့်ပြည်သူများအား အသုံးအဆောင်ပစ္စည်းများ ပေးဝေခြင်းတို့ကို ဆောင်ရွက်ကြကာ ဇူလိုင် ၂၀ရက်တွင် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကြည့်ရှုစမ်းသပ်ခြင်းနှင့် ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက်အတွင်းရှိ မနောရမ္မပညာဒါနကျောင်းဆရာတော် (သဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တဝါယမိန္ဒ ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူ၃၀၀ခန့်တို့၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင်၁၆ရက်က ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ ဆရာဝန်ကြီးဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ သွေးလှူဒါန်းကြစဉ်။** (က-ပ)

# ထားဝယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ရှိ ထားဝယ် ဘုန်းတော်ကြီးကျောင်း ၄၀ မှ ဆရာတော် ၄၁ပါးအား ထားဝယ်အသင်းတိုက်တွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသား၊ ထားဝယ်သူ၊ ထားဝယ်သား၊ မိတ်ဆွေသင်္ဂဟများ ကြွရောက် ကြည်ညိုကုသိုလ်ယူကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက အသင်း ဖုန်း-၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

# မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများတွင် စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှုအဖွဲ့ ကွင်းဆင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများရှိ ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဖွဲ့ခေါင်းဆောင် ဦးမိုးဟိန်း၊ အဖွဲ့ဝင် ဦးချစ်ဖေနှင့် ဒေါ်အေးမို့မို့လွင်တို့ပါဝင်သော စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုနှင့် စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှုအဖွဲ့သည် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဇူလိုင် ၁၃ ရက်မှ ၂၆ ရက်အထိ မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာ အုပ်စုများဖြစ်ကြသော ကြက်လျှာ၊ မဘော၊ ကျားဟုန်း၊ သူရဲချောင်း၊ ကျွန်းချောင်း၊ မဲဇလီကဇန်ချောင်း၊ ကျွဲခြိရေကျော်၊ ဖိုးသာအေး၊ ဒန္နံးဆိပ်၊ မရမ်းနှင့် လပွတ်ကွဲတဲချောင်း ကျေးရွာအုပ်စုများရှိ ကျေးရွာခွဲ ၃၇ ရွာမှ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး စိတ်ပိုင်းဆိုင်ရာအားပေးမြှင့်တင်မှု ဆွေးနွေးပွဲအကြိမ် ၃၀ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နောက်ဆုံး ကမ္ဘာ့ဖြစ်ပေါ်မှုသတင်း

# အိန္ဒိယအနောက်ပိုင်းမြို့တော်၌ ပေါက်ကွဲမှု ၁၇ ခုဖြစ်ပွား

**အမီဒါဗက် ဇူလိုင် ၂၇ (မြန်မာစံတော်ချိန် ဝ၁း၅၀နာရီ)**

အိန္ဒိယနိုင်ငံအနောက်ပိုင်း၏မြို့တော် အမီဒါဗက်တွင် ဇူလိုင်၂၆ရက် ဒေသစံတော်ချိန် ည ၈နာရီခွဲမှစတင်၍ မိနစ် ၇၀ အတွင်း ဗုံးဖောက်ခွဲ တိုက်ခိုက်မှု အနည်းဆုံး ၁၇ခု ဖြစ်ပွားခဲ့ရာ လူ ၂၉ဦးသေဆုံး၍ ဒါဇင်နှင့် ချီ၍ ဒဏ်ရာရရှိသွားကြသည်။ ပေါက်ကွဲမှုများမှာ ဘတ်စ်ကား၊ ဘူတာရုံနှင့် ဆေးရုံများအနီးဖြစ်ပွားခဲ့ပြီး ယင်းအနက် တစ်ခုမှာ မြို့တော် ဘတ်စ်ကားတစ်စီးပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖောက်ခွဲတိုက်ခိုက်မှုများ မပြုမီ မူဂျာဟစ်ဒင် စစ်သွေးကြွအုပ်စုတစ်ခုက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

***(အင်တာနက်)***

**ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်သည် ဒဂုံမြို့နယ်၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူ ၂၅၀ အားယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဟောပြောပို့ချစဉ်။** (ကြေးမုံ)

# မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး

ဇာတ်ဆရာမောင်ကျော်ဒိုး

အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဆိုလျှင် မြန်မာဇာတ်ပွဲ ပရိသတ်က သိကြသည်။ ဆေးပေါ့လိပ်ကြီးထဲ ရွှေဒင်္ဂါးပြားထည့်ပြီး လက်ဆောင်ပေးကြသည်အထိ ရွှေမန်းဦးတင်မောင်ကို ကြိုက်ကြသည်။ ဂရိတ်ဦးဖိုးစိန်ကြီးလည်း အလားတူ ဆေးပေါ့လိပ်ထဲ ရွှေဒင်္ဂါးပြား ထည့်ပြီး အမျိုးသမီးများက လက်ဆောင်ပေးခံရသူဖြစ်သည်။ ယနေ့ အသက်ခြောက်ဆယ်အရွယ်၊ ခုနစ်ဆယ် အရွယ်များစွာသည် ရွှေမန်း တင်မောင်၏ ပရိသတ်များဖြစ်ခဲ့ကြသည်။

ရွှေမန်းဦးတင်မောင်သည် စာဖတ်သည်။ စာမှတ်သည်။ စာဖြင့် ဝမ်းစာပြည့်သူဖြစ်သည်။ အဆိုကောင်း၊ အကကောင်း၊ တီထွင် ဆန်းသစ်မှုကောင်း၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုကောင်းဖြစ်သည်။ ဦးတင်မောင်၏ နောက်ပိုင်းဇာတ်ထုပ်ရှည်များတွင် လက်ဝဲသုန္ဒရကို သတိရကြဆဲဖြစ်သည်။ ဇာတ်ဝင်ရတုကြီးဖြစ်သော မဲဇာတောင်ခြေ၊ စီးထွေထွေတည့်ကို ဆရာရွှေမန်းတင်မောင်က ဌာန်ကရိုဏ်းကျကျ သီဆို သွားသည်ကို စာသမား၊ ပေသမားများပင် လက်ဖျားခါခဲ့ကြရသည်။

စာဖတ်၊ စာမှတ်၊ စာကျက်နာလှသော ဦးတင်မောင်၏ အစွမ်းကို ဗုဒ္ဓဝင်ဇာတ်ထုပ်များ၌ တွေ့ရသည်။ ဦးတင်မောင်က ကာဠုဒါယီ အမတ်ကြီးနေရာ၊ လူရွှင်တော်ဦးဓာတ်ရှင်က ဗက (အမတ်) ဘိုးဘိုးကြီး နေရာ၊ အချေအတင်၊ အချီအချ၊ စာစကားများဖြင့် အပြန်အလှန် ပြောခန်းများမှာ ပရိသတ်အဖို့ မမေ့နိုင်စရာ၊ နှစ်ဦးစလုံး၏ ပညာရည်ကို လေးစားစရာဖြစ်ရသည်။

ရွှေမန်းဦးတင်မောင်၏ ရှေ့ပိုင်းပြဇာတ်၊ ဇာတ်ထုပ်တိုကလေး များမှာလည်း ပရိသတ်ကို ဆွဲဆောင်နိုင်သည်။ မြန်မာ့အသံမှ လွှင့်ထုတ် ပေးနေကျ ရွှေမန်းဦးတင်မောင်၏ ရွှဲကုန်သည်ဇာတ်မှာ ဇာတ်ကောင်း၊ ဇာတ်သွက်ဖြစ်သည်။ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်ဝင်ဇာတ်ဖြစ်သည်။ မင်းသားဆိုသည်မှာ (ရှေးက) ဇာတ်လိုက်နေရာမှသာ သရုပ်ဆောင် လေ့ရှိသည်။ ဇာတ်လိုက် အဓိကဇာတ်ကောင် နေရာမှသာ မင်းသားက ပါဝင်ပြီး Hero အဖြစ် သရုပ်ဆောင်လေ့ရှိခဲ့သည်။ ရွှဲကုန်သည်ဇာတ် တွင် ရွှေမန်းတင်မောင်သည် လူဆိုး Villain နေရာမှ သရုပ်ဆောင် သည်။ ကျရာဇာတ်ရုပ်ကို နိုင်နိုင်နင်းနင်း သရုပ်ဆောင်နိုင်ကြောင်း ပြသ သွားခဲ့သည်။

ရွှဲကုန်သည် ဇာတ်ထုပ်၏ ဇာတ်လမ်းမှာ ဤကဲ့သို့ဖြစ်သည်။ မြစ်ကူးချောင်းခြား လှေဖြင့် ရွှဲလုံးလှည့်လည်ရောင်းသော ရွှဲကုန်သည် နှစ်ဦးရှိသည်။ တစ်ဦးကား မတော်လောဘကြီးသည်။ စိတ်ထား ကောက်ကျစ်သည်။ ကျန်ရွှဲကုန်သည်ကား စိတ်ထားဖြူစင်ရိုးသားသော ကုန်သည် (ဘုရားလောင်းဖြစ်သည်။) စိတ်ထားဆိုးယုတ်သော ရွှဲကုန် သည် (ရွှေမန်းဦးတင်မောင်)သည် ရွာတစ်ရွာသို့လှည့်ကာ ရွှဲလုံးများ ရောင်းသည်။

အိမ်တစ်အိမ်တွင် အလွန်ဆင်းရဲသော မြေးအဘွားနှစ်ယောက်ရှိ သည်။ စားရေး၊ သောက်ရေးပင် မပြည့်စုံချေ။ သို့သော် မြေးမကလေး က **“ရွှဲကုန်သည်လာပြီဗျာ့ - ကညာမဒီနှမတို့ မျှော်ရော့မယ်”** စသည့် ပုံထောက်သံဆိုလာသော ရွှဲကုန်သည် (ရွှေမန်းတင်မောင်)ထံမှ ရွှဲလုံး ဝယ်ယူလိုကြောင်း အဘွားအား နားပူတော့သည်။ အဘွားထံပိုက်ဆံက မရှိ။ ရွှဲကုန်သည်ကလည်း အရောင်စုံလှသော ရွှဲလုံးလေးများပြကာ ကလေးငယ်ကို မြှူဆွယ်၏။ မြေးငယ်ငိုလွန်းမကငို၍ အဘွားက မီးဖို ချောင်ရှိ မှိုင်းတက်၊ ကျပ်ခိုးလွှမ်းနေသော ခွက်ဟောင်းတစ်လုံးထုတ် လာပြီး ဤခွက်ကို တန်ဖိုးဖြတ်ယူပြီး ရွှဲလုံးလေးပေးပါဟုဆိုတာ ရွှဲကုန်သည်က ခွက်ကိုမြင်သည်နှင့် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်မှန်း သိ၏။ သို့သော် အဖိုးမတန်လေဟန်ပြောပြီး ထိုခွက်ကို ပြန်ပေး၏။ အမှန်အားဖြင့် အလကားလောက်နီးနီးဖြင့်ရအောင် ခွက်စုတ် ခွက်ပဲ့ ဟုဆိုကာ ထွက်သွား၏။ ပြီးမှပြန်လာကာ ရွှဲလုံးခပ်ငယ်ငယ်လောက်နှင့် လဲရန် ကြံစည်ထား၏။

ထိုရွှဲကုန်သည်ထွက်သွားပြီး မကြာမီ ဘုရားလောင်းရွှဲကုန်သည် ရောက်လာ၏။ မြေးကပူဆာ၊ အဘွားက ရွှေခွက်ထုတ်ပြပြန်၏။ စိတ်ထားဖြူစင်သော ရွှဲကုန်သည်က ရွှေခွက်မှန်းသိသဖြင့် ပါလာသော ငွေအားလုံးနှင့် ရွှဲလုံး အားလုံးပြကာ အဘွား၏ သဘောတူညီချက်ဖြင့် လဲလှယ်လိုက်၏။ ဘုရားလောင်းသည် ရွာသို့လှေကြုံစီး၍ပြန်၏။ ရွှဲကုန် သည်(ရွှေမန်းဦးတင်မောင်) ထိုအဘွားအိမ်သို့ နောက်တစ်ကြိမ်ပြန်ရောက် သောအခါ ရွှေခွက်ပါသွားမှန်းသိပြီး မြစ်ဆိပ်သို့ သွေးရူးသွေးတန်းပြေး ဆင်းလာ၏။ အတန်ငယ်ကွာဝေးသွားပြီဖြစ်သော ဘုရားလောင်းရွှဲကုန် သည်၏ လှေကို ပြန်ခေါ်၏။

“ဟေ့လူ-အဲဒါ ကျုပ်ရွှေခွက်ဗျာ့၊ လှေပြန်လှည့်ခဲ့၊ ကျုပ်ရွှေခွက် ကျုပ်ပြန်ပေး” ဟု ဆောက်တည်ရာမရ အော်ဟစ်နေသော်လည်း လှေ ကား ပြန်လှည့်မလာ။ ဤတွင် ရွှဲကုန်သည်၏ လောဘ၊ ဒေါသ၊ မောဟတို့သည် သူ့ကို ရူးသွပ်သည်အထိ နှိပ်စက်တော့သည်။

**“ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက် ပေး-မပေးပေးပေး-ပေးပေးပေး -ငါ့ရွှေခွက်ပေး”**

ဤနေရာတွင် ရွှေမန်းဦးတင်မောင်၏ သရုပ်ဆောင်မှုမှာ အကယ် ဒမီ တန်းဝင်လေသည်။

* * * * *

(၂)

၁၉၉၀ ပြည့်နှစ်ကာလက မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ ဇာတ်ထုပ်ကြီးတင်ဆက်ခဲ့လေသည်။ ၁၉၈၈-၈၉ အတွင်း သူ့ထက်ငါ အပြိုင်ဖွဲ့စည်းခဲ့သော နိုင်ငံရေးပါတီ ၂၃၅ ပါတီအနက် ၉၃ ပါတီက ယင်းရွေးကောက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင် ခဲ့သည်။ ထိုစဉ်က မဲဆွယ်ဗုံထောက်သံများမှာလည်း မြိုင်ဆိုင်လှသည်။

ပြည်ပမှ BBC ,VOA , AIR စသည့် ရေဒီယိုသံစုံတီးဝိုင်းများ ကလည်း မတိမ်းမစောင်း၊ ဗိန်းဗောင်းတိုက်ပေးကြသည်။ တောတွင်း သောင်းကျန်းသူများကလည်း လူကြမ်းအဖွဲ့အဖြစ် သရုပ်ဆောင်ကာ လက်နက်ကြီးများ ထောင်ဖောက်ပြကြ၏။ ဤတွင် ကိုယ်စားလှယ် တစ်ဦး တစ်လေမှအရွေးမခံရသော ပါတီ ၈၀ ကျော် ကန့်လန့်ကာနောက် ဝင်သွားကြရ၏။ ပါတီ ၁၀ ခုသာ လက်ရှိထင်ရှားကျန်ရစ်တော့၏။

မည်သို့ဆိုစေ။

မဲဆန္ဒရှင်အများစုက မဲလာမပေး။ ပေးကြသမျှ မဲဆန္ဒများ၏ ရာမ များရာစု (ရာခိုင်နှုန်းများများ) ကိုမူ မည်သူမျှမရ။ သို့သော် ကာလ ပေါ် ဒီမိုကရေစီကိုက်တံနှင့်တိုင်းလျှင် တစ်မဲတည်းသာပါစေ၊ သာသည့် ဘက်က အနိုင်ဖြစ်ရပေသည်။ ဤသို့ဖြင့် NLD အမတ်(ကိုယ်စားလှယ်) နေရာအများစု အရွေးခံရ၏။

**ရွေးကောက်ပွဲမကျင်းပမီ နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက် ရွေးကောက် ပွဲတွင် အရွေးခံရသူများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်ကြရမည်ဟု အတိအလင်းပြောခဲ့သည်။ ပြည်သူ တစ်ရပ်လုံးပိုင်သော အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ စည်းမျဉ်း စည်းကမ်းအရသာ ကိုယ်စားလှယ် (အမတ်)များ၊ အစိုးရများက ကျင့်သုံးရမည်ဖြစ်၍ အခြေခံဥပဒေသည်မရှိမဖြစ်ဟု ကြေညာခဲ့ သည်။ နိုင်ငံတော်ကလည်း ၁/၉၀ ကြေညာချက်ဖြင့် ရွေးကောက်ပွဲ တွင် အရွေးခံရသော (NLD၊ တစည၊ ရှမ်း NLD နှင့် အခြားတိုင်းရင်းသားပါတီများမှ) ကိုယ်စားလှယ်များကို အခြေခံဥပဒေရေးဆွဲကြရန် တိုက်တွန်းခဲ့သည်။**

၁၉၉၂ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် တည်ဆဲပါတီ ၁၀ ခုမှ ခေါင်းဆောင်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များအား ဖိတ်ခေါ်ညှိနှိုင်းရာ NLD မှ ကိုယ်စားလှယ် အများဆုံးတက်ရောက်ခဲ့သည်။ ယင်းညှိနှိုင်း ဆွေးနွေးသဘောတူညီချက်အရ ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသား ညီလာခံကြီး စတင်ကျင်းပခဲ့ရာ NLD ကိုယ်စားလှယ်တစ်ရာခန့် တက် ရောက်ခဲ့သည်။ အမျိုးသားညီလာခံကြီးတွင် အခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများကို ညှိနှိုင်းချမှတ်ကြသည်။

NLD သည် ကောင်းပြီကောင်းရဲ့နှင့် အမျိုးသားညီလာခံကြီးသို့ တက်ကြွစွာ ပါဝင်တက်ရောက်နေရာမှ ၁၉၉၅ ခုနှစ် နှောင်းပိုင်း၌ ဒေါ်စုကြည်၏ တစ်ချက်လွှတ်အမိန့်ဖြင့် ညီလာခံကို သပိတ်မှောက် ထွက်ခွာသွားခဲ့ကြသည်။ ယင်းသို့ သပိတ်မှောက်ထွက်ခွာခြင်းသည် မှားယွင်းကြောင်း ကန့်ကွက်ဆွေးနွေးသော NLD ကိုယ်စားလှယ်များမှာ ထွက်သူထွက်၊ ထုတ်ခံရသူခံရ ဖြစ်ခဲ့ရသည်။ NLD သည်ညီလာခံကို ကျောခိုင်း၊ အခြေခံဥပဒေပေါ်ထွန်းရေးကို ဆန့်ကျင်ပြီး ညီလာခံကို နည်းမျိုးစုံဖြင့် နှောင့်ယှက်လာကြ၏။ ၎င်းတို့ ကိုင်စွဲထားသည်ကား ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု၊ လွှတ်တော် ခေါ်ယူကျင်းပ၊ NLD ကို အာဏာအပ်ဟူ၍သာ ဥပဒေလက်လွတ် ပြောဆို လုပ်ကိုင်လာ၏။ ပြည်ပအားကိုးသံများ ပိုမိုကျယ်လောင်လာ၏။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက် ရွေးကောက်ပွဲရလဒ်ဟူသည် ဥပဒေအရ ၁၉၉၄ ခုနှစ် မေလ ၂၆ ရက်နေ့ကတည်းက သက်တမ်းကုန်ပျက်ပြယ်ခဲ့ပြီ ဖြစ်သည်။ ဤနိုင်ငံ၊ ဤကမ္ဘာမဆိုထားနှင့် ဤစကြဝဠာတစ်တိုက်လုံး၌ နှစ်ပေါင်း ၂၀ ကျော် အမတ်ဘဝတည်မြဲသည်ဆိုသော ရွေးကောက်ပွဲမျိုး မပေါ်ဖူးသေးချေ။

**NLD ၊ ပြည်ပမီဒီယာဆိုးများ၊ ပြည်ပြေးများ၊ သောင်းကျန်းသူ များမည်မျှပင်လက်တွဲနှောင့်ယှက်ကြစေကာမူ အမျိုးသားညီလာခံကြီး သည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပေပြီ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ကိုလည်း အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၅၄ ဦးက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ရက်နေ့မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့အတွင်း ရေးဆွဲပြီးစီးခဲ့ ပေပြီ။**

**ပြည်သူတို့အကျိုးကို အဓိက အလေးပေးရေးဆွဲနိုင်ခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ကို ၂၀၀၈ခုနှစ် မေလ ၁၀ ရက် နေ့တွင် ၂၇၈ မြို့နယ်၌လည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် လေဘေးသင့် ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်နှင့် ကော်မရှင်ခွဲအဆင့်ဆင့်က ဆန္ဒခံယူခဲ့ရာ မဲပေးခွင့်ရှိသူအားလုံး၏ ၉၉ရာခိုင်နှုန်းခန့် မဲလာပေးကြပြီး မဲပေးသူ အားလုံး၏ ၉၂ဒသမ ၄၈ရာခိုင်နှုန်းက တစ်ခဲနက်ထောက်ခံမဲပေး အတည်ပြုလိုက်ကြပေပြီ။ တစ်မဲသာလျှင်လည်း နိုင်တာပဲဆိုသော ကာလပေါ် ဒီမိုကရေစီ ကိုက်တံမျိုးနှင့် တိုင်းထွာရရှိသော ထောက်ခံ မဲမျိုးမဟုတ်။ တကယ့်ကို ရာမများရာစု (လူတစ်ရာလျှင် ၉၃ ယောက်)က ထောက်ခံအတည် ပြုပေးလိုက်သော တကယ့်အမျိုးသား ရေး အောင်ပွဲရလဒ်ကြီးဖြစ်တော့သည်။ ကန့်ကွက်မဲပေးကြ၊ ကြက်ခြေခတ်ကြဟူသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့၏ ဖရုသဝါစာများအားလုံး မေလ ၂၄ ရက်နေ့တွင် အမှိုက်ပုံးထဲ ရောက်သွားခဲ့ရသည်။**

NLD ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို မိမိတို့လက်မခံ၊ အသိအမှတ်မပြု၊ တရားမဝင်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် ကိုသာ လိုလားသည်ဟု ယခုတစ်လော BBC, VOA, RFA, DVB တို့နှင့် ဗျူးရင်း NLD ပြောခွင့်ရပုဂ္ဂိုလ်၊ NLD ဥပဒေပညာရှင်ဆိုသူ တို့က အာပေါင်အာရင်းသန်သန်ဖြင့် အော်ဟစ်နေကြပေသည်။ ၉၃ ရာခိုင်နှုန်းသော ပြည်သူတို့၏ ဆန္ဒသဘောထားထက် မိမိတို့လူတစ်စု အာဏာရရေးကိုသာ ရှေးရှုအော်ဟစ်နေသံများသည် ယနေ့မြန်မာ့ နိုင်ငံရေးဇာတ်ခုံ (ဇာတ်စင်)အောက်က ကြားနေရပြန်၏။

ဤတွင် ဇာတ်ဆရာ မောင်ကျော်ဒိုးသည် ကွယ်လွန်သူ အလင်္ကာကျော်စွာ ဆရာရွှေမန်းဦးတင်မောင်ကို သတိရမိသည်။ အလင်္ကာကျော်စွာ ဆရာရွှေမန်းဦးတင်မောင်၏ ရွှဲကုန်သည်ဇာတ်ထုပ် ကို ဆရာရွှေမန်းဦးတင်မောင်ကိုယ်တိုင်သရုပ်ဆောင်ပြီး ပြန်လည် ကပြစေချင်မိတော့သည်။

**“ငါ့ရွှေခွက်ပေး-ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေး ပေး-ငါ့ရွှေခွက်ပေး-မပေးပေးပေး-ပေးပေးပေး-ငါ့ရွှေခွက်ပေး”**

**ပြည်သူတို့အကျိုးကို အဓိကအလေးပေးရေးဆွဲနိုင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ၂၇၈ မြို့နယ်၌ လည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် လေဘေးသင့် ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်နှင့် ကော်မရှင်ခွဲအဆင့်ဆင့်က ဆန္ဒခံယူခဲ့ရာ မဲပေးခွင့်ရှိသူအားလုံး၏ ၉၉ ရာခိုင်နှုန်းခန့် မဲလာပေးကြပြီး မဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက တစ်ခဲနက်ထောက်ခံမဲပေး အတည်ပြုလိုက်ကြပေပြီ။ တစ်မဲသာလျှင်လည်း နိုင်တာပဲဆိုသော ကာလပေါ်ဒီမိုကရေစီ ကိုက်တံမျိုးနှင့် တိုင်းထွာရရှိသော ထောက်ခံမဲမျိုးမဟုတ်။ တကယ့်ကို ရာမများရာစု (လူတစ်ရာလျှင် ၉၃ ယောက်)က ထောက်ခံအတည်ပြုပေးလိုက်သော တကယ့်အမျိုးသားရေး အောင်ပွဲ ရလဒ်ကြီးဖြစ်တော့သည်။ ကန့်ကွက်မဲပေးကြ၊ ကြက်ခြေခတ်ကြဟူသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့၏ ဖရုသဝါစာများအားလုံး မေလ ၂၄ ရက်နေ့တွင် အမှိုက်ပုံးထဲရောက် သွားခဲ့ရသည်။**

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း စီမံကိန်း ဦးစီးမှူးများ၊ခရိုင်စီမံကိန်း ဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဌာနအလိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုများကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း စီမံကိန်း ဦးစီးမှူးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက်စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးဗိုလ်မှူးကြီး သူရိန်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ထို့နောက် ဝန်ကြီး ဦးစိုးသာက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီးစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ထီးတော်နှင့်သာသနိကအဆောက်အအုံများဘက်စုံအသစ်ပြန်လည်မွမ်းမံရန်ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပွဲတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ(သီဟသုဓမ္မမဏိဇောတဓရ)(ဆင်မင်း)ဦးတင်ရွှေနှင့်ဂေါပကအဖွဲ့ဝင်များကဆရာတော်များအား စေတီတော် ရွှေသင်္ကန်းကပ်လှူမွမ်းမံရန် ပြင်ဆင်စီမံထားမှုများကို လျှောက်ထားပြသကြစဉ်။**
(၅၀၆)

**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ကရင်အမျိုးသားရပ်ကွက်၊ ကျော်ဒွန်းဇံလမ်းနေ ဦးတင်မြင့်၊ ဒေါ်ကြူမြိုင်အားရည်စူး၍ ဦးရဲမြင့်၊ ဒေါ်လွင်လွင်အေး၊ သား-ကိုဇင်ရဲနောင်၊ ကိုဇင်ရဲထိုက် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။**
(ဘိုးဘွားရိပ်သာ)

## စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန်၏ ဇုန်စီမံခန့်ခွဲရေး ကော်မတီ၊ သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့နှင့် ဇုန်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၅ရက် မွန်းလွဲ ၁နာရီကအဆိုပါ ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး သာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဒေါ်စိန်စိန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်နွယ်တို့က သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်မော်သိန်းက မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာများတင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့်စက်မှုလုပ်ငန်းရှင်များက စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကြံပြုဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းရရှိသည့်အချက်များအားအတည်ပြုချက်ရယူခဲ့ကြသည်။ **(ကြေးမုံ)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ သာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့နှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကြီးအမှာစကား ပြောကြားစဉ်။**
(ကြေးမုံ)

## "အို" အဆင့် ခရစ်ကက်နည်းပြသင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့်အာရှခရစ်ကက်ကောင်စီနှင့်မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့က ပူးပေါင်း၍ MYANMAR CRICKET FEDERATION CLOSING CEREMONY OF ACC AND MCF JOINTLY LEVEL. O. CRICKET COACHIN G COURSE သင်တန်းဆင်းပွဲကို ဇူလိုင် ၂၃ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိအမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ACC DEVELOPING OFFICER, MR.AMINUL ISLAM က ကျေးဇူးတင်စကား ပြောကြား၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ကိုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကသင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်ပြီး ACC DEVELOPING OFFICER , MR. AMINUL ISLAM အား သင်တန်းသားတစ်ဦးက ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ACC DEVELOPING OFFICER, MR. AMINUL ISLAMက မြန်မာခရစ်ကက် အားကစားနည်း တိုးတက်မြင့်မားစေရေးကိုရည်ရွယ်၍အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အားလည်းကောင်း၊ရန်ကုန်တိုင်းအားကစားနှင့်ကာယပညာကော်မတီအား လည်းကောင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာနအားလည်းကောင်း ခရစ်ကက်အားကစားပစ္စည်းများကိုပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်အောင်မြင်ခဲ့သောမြန်မာခရစ်ကက်လက်ရွေးစင် အားကစားသမားထူးနောင်သော်ဇင်အား ဂုဏ်ပြုဆုငွေကို ပေးအပ်သည်။**(သတင်းစဉ်)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊အမှတ်(၁၅)ထွက်ပြီ

**ရန်ကုန် ဇူလိုင် ၂၆**

ပုန်းညက်ပန်းများ ဖူးပွင့်သောဝါဆိုလ၊ ကရကဋ်ရာသီအခါသမယတွင် ကျေးလက်နေ တောင်သူဦးကြီးများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်အတွဲ(၅)၊ အမှတ်(၁၅)အား ဩဂုတ် ၁ ရက်အတွက် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေကို စနစ်တကျ သုံးစွဲရန်လိုအပ်၊လေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးအတွက် ဘက်စုံအသုံးပြုနိုင်သည့် အီးအမ်ဇီဝဖျော်ရည်၊ သီးနှံအထွက်နှင့် ပေါင်းအန္တရာယ်၊ တီကောင်မွေး၍ မြေဆွေးလုပ်ပါစသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ အသားတိုးဆိတ်များတိုးချဲ့မွေးမြူရေး၊ ဝက်ဝမ်းကျရောဂါ ဒီလိုကုပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ဒီလိုပဲရောဂါတွေပျောက်ကင်းတယ်လားကျန်းမာရေး အသိပညာပေးဆောင်းပါး၊နိုင်ငံတော်နှင့်စေတနာရှင်ပြည်သူတို့၏ ပြည်တွင်းအင်အားကို နိုင်ငံတကာအဖွဲ့အစည်းများက အံ့ဩချီးကျူး၊ အင်းလေးကန်မတိမ်ကောရေး ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်၊ နိုင်ငံကျော်ပုဂ္ဂိုလ်များ၏ ၂၀၀၈ခုနှစ်ဟောကိန်းများ၊ မီးလောင်တဲ့အထဲကိုယ့်အိမ်မပါလို့ ကိုယ်ကဒုက္ခမရောက်ဘူးလို့ မထင်ပါနဲ့၊ ချစ်စဖွယ်တို့ကျေးရွာဓလေ့၊ မြန်မာဗေဒ၊ ကမ္ဘာကြီးဖျားနာမှုကို ဘယ်လိုကုစားမလဲ စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများနှင့် အလှရှာပုံတော်ဝတ္ထုတိုတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများကိုသုတ၊ရသစုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့်ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကိုအမှတ်-၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒေသတွင်းဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီ ပိုလျှံသည့်စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များစီစဉ်ပေး

✻ **ရွှေဖုံးမှ**

နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို နယ်ချဲ့တို့ လျစ်လျူရှုခဲ့၍ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့်အပြင် ကိုလိုနီအမွေဆိုးနှင့် ပြင်ပပယောဂများကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၄၀)ခန့် နယ်စပ်ဒေသများ၌ ပြည်တွင်း သောင်းကျန်းမှု ပေါ်ပေါက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများနှင့် နယ်စပ်နေ တိုင်းရင်းသားပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျခဲ့ကြကြောင်း။

ထို့ကြောင့် လက်ရှိ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်တွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို ပထမဦးဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်တွင် ကိုးကန့်ဒေသနှင့် မေလ ၉ရက်တွင် 'ဝ'ဒေသက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ စတင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ယင်းအဖွဲ့များ ဝင်ရောက်ပြီးပြီးချင်း ၁၉၈၉ခုနှစ် မေလ ၂၅ရက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို စတင်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် စီမံကိန်းလုပ်ငန်းများကို အနီးကပ် ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်တွင် ဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်းကြောင့် နယ်စပ်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၁၉၉၂ခုနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနတစ်ခုကိုပါ အသစ်ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် ပြီးခဲ့သည့် (၁၈)နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် အထူးမြင့်မားခဲ့ပြီး အောင်မြင်မှုများရရှိနေခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယခုနှစ်သည် စတုတ္ထ(၅)နှစ် စီမံကိန်းကာလ၏ စီမံကိန်း ဒုတိယနှစ်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတင်သည့် ၁၉၈၉ခုနှစ်ကနေ ယခုအထိ နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၂၃၁၁၃ ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၇)တွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်ရန်နှင့် ရရှိပြီး အောင်မြင်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်"** လမ်းညွှန်ခဲ့ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး အဓိကကျသည့် လမ်းကြီးများကို ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သောနေရာများတွင် လမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ နယ်စပ်ဒေသနေ တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးငယ်များ လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၌ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီးလည်း အထူးပြု ဆောင်ရွက်ပေးနေကြောင်း။

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားအမျိုးသမီးငယ်များအတွက် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး အခြေခံပညာ မပြီးမြောက်သည့် တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ပန်းရန်၊စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင် စသော သက်မွေးပညာရပ်များ သင်ကြားပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း အမျိုးသားကျန်းမာရေးကော်မတီက **"ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"**ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒတစ်ရပ်ကိုချမှတ်ပြီး နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်း၊ ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းတို့ဖြင့် ကူညီပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အသေးစားဆည်နှင့် တူးမြောင်းများ ဖော်ထုတ်ဆောင်ရွက်ပေးနေသကဲ့သို့ သဘာဝ ပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊လိုင်ချီး၊ နှင်းသီး၊ လက်ဖက် စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီလက်ထက်ကတည်းက နှစ်ပေါင်း ၁၅၀ ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုများ ချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅နှစ်စီမံကိန်း ရေးဆွဲချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကိုယ်ပိုင်စွမ်းအား ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယခုဆိုလျှင် နယ်စပ်ဒေသက တိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့် လျော့နည်းကျဆင်းလာနေပြီဖြစ်ကြောင်း၊ ယင်းသို့ လျော့နည်းကျဆင်းလာခြင်းကိုလည်း နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများ ဆူကြုံနိမ့်မြင့် ကွာဟချက်နည်းပါးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ထူထောင်နိုင်မည်ဖြစ်သည်နှင့်အညီ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆက်လက်ဆောင်ရွက်သွားကြရန်"** နတလဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၀၇)တွင် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

**ထို့ကြောင့် နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် မှန်ကန်သောမူဝါဒဆိုင်ရာ လမ်းညွှန်မှု၊ နိုင်ငံတော် တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုများကြောင့် မျှော်မှန်းတာထက် ပိုမိုအောင်မြင်မှုရရှိနေပြီး နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ သာမန်ပြည်သူအားလုံး လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနေသည်ကို ပီတိဖြစ်နေရုံဖြင့်မလုံလောက်သေးဘဲ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှု နောက်ကျကျန်နေသေးသည့် နယ်စပ်ဒေသများ၌ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း**ဖြင့် ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ယန္တရားများ ဖြန့်ခွဲထားရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် အဆုံးအဖြတ်ရယူမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အဆုံးအဖြတ်ရယူရန်နှင့် မှတ်တမ်းတင်ရန် ကိစ္စရပ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက နယ်စပ်ဒေသများနှင့် ယင်းဒေသများရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် **ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(ဆက်သွယ်ရေး)

# ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများက ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ပြည်နယ်/တိုင်း မန်နေဂျာများနှင့် ပေါင်းစပ်ညှိနှိုင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းက သုံးသပ်ဆွေးနွေးတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ရန်မျိုးအောင်စေတီတော်အနီး စံပြရပ်ကွက်လုံးဆိုင်ရာ မဟာဓမ္မပါလဓမ္မာရုံကြီး၌ (၁၂)ကြိမ်မြောက် အပတ်စဉ်ဝါတွင်းဥပုသ်နေ့တိုင်း ဓမ္မသဘင်ပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင် ၂၅ရက် မွန်းလွဲပိုင်းက သဇင်ရေကျော်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ(နယ်လှည့်ဓမ္မကထိက) မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာတော်က ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များ ဟောကြားတော်မူစဉ်။ (က-ပ)

# ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနခွဲတာဝန်ခံများနှင့် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများက မိမိတို့ဒေသဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များ နှင့်စပ်လျဉ်း၍ ဦးစီးဌာနငါးခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ လုပ်ငန်းဌာနငါးခုမှ ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်က ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်များ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆိုင်ရာများကို သုံးသပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၁၀ ၆။ "ငှက်တစ်သောင်း" (ကင်းကောင်၊ငှက်ပျော ကြော်၊ထူးမွန်၊ အကယ်ဒမီ စိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့်) (ဒါရိုက်တာ-မောင်သီ)
- ၈း၂၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရောင်စုံလမ်းမများ" (ဒွေး၊ စိုးမြတ်နန္ဒာ၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-သီဟတင်သန်း)**
- ၁း၅၀ ၆။ အဆိုပြိုင်ပွဲ
- ၁း၅၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၂း၁၀ ၈။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၂း၂၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၅။ တေးဂီတအစီအစဉ်
- ၅း၀၀ ၆။ **"ဇင်ဇင်နှင့်ခြင်ကျား" (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၅း၁၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ အတီးပြိုင်ပွဲ
- ၆း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆း၅၅ ၁၂။ အားမာန်ပြည့် ဖွံ့ဖြိုး ရှင်သန်နေသော တရုတ်ပြည်
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၁၇)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၈)**
- ၁၈။ အစီအစဉ်ပြီး၏။

# လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၆

**လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာနသို့လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။**

ဇူလိုင် ၂၅ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ Myanmar Embassy , Hanoi, Vietnam မှတစ်ဆင့် ပေးပို့လှူဒါန်းငွေ ယူရို ၄၄၀၉ ဒသမ ၈၀ ဖြစ်သည်။

ဇူလိုင် ၂၆ရက်တွင် လှူဒါန်းကြသောအလှူရှင်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အိမ်၃၅လုံးအတွက် အလှူငွေ ကျပ်သိန်း ၂၁၀၊ တပ်မတော် (ကြည်း၊ရေ၊လေ) အမျိုးသမီးစစ်မှုထမ်းဟောင်းများကအိမ်တစ်လုံးအတွက်လှူဒါန်းငွေကျပ်ခြောက်သိန်း၊ ဦးဝင်းတင်နှင့်ဒေါ်အေးငြိမ်း၊ သမီး မဇွန်သစ်ဝင်း Richest Gems Co., Ltd က အိမ်နှစ်လုံးအတွက် လှူဒါန်းငွေ ကျပ် ၁၂သိန်း၊ Wellwishers From Canada က အိမ် နှစ်လုံးအတွက် လှူဒါန်းငွေကျပ်၁၂သိန်း၊ Capital Power Co., Ltd ငွေပင်လယ်စက်မှုဇုန် လှိုင်သာယာမြို့နယ်က အိမ်အလုံး၅၀အတွက် ငွေကျပ်သိန်း ၃၀၀၊ ဖျာပုံမြို့နယ် လေဘေးကွပ်ကဲမှုအဖွဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အမေရိကန်ဒေါ်လာခြောက်သောင်းတို့ဖြစ်သည်။

ဇူလိုင် ၂၅ရက်နှင့် ၂၆ရက်များတွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာငွေကျပ်သိန်း၅၄၀၊ယူရိုငွေ၄၄၀၉ဒသမ၈၀နှင့် အမေရိကန်ဒေါ်လာခြောက်သောင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ခရမ်းမြို့၌ မိုးကုတ်တရားစခန်းများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၂)ရပ်ကွက် ဘုရားလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၄၀၆)ဓမ္မရိပ်သာကြီး၌ ၁၃၇၀ ပြည့်နှစ် မိုးကုတ်တရားစခန်းများကို ဝါခေါင်လဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တတိလောက (ပွင့်ဖြူ)ဓမ္မာစရိယကမ်းပြို ကျောင်းတိုက် လှိုင်သာယာမြို့နယ်၊ တော်သလင်းလဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တဩသဓ (ခရမ်း) တက္ကသိုလ ဓမ္မာစရိယ (B.A) သန္တိသီတာကျောင်းတိုက် မြောက်ဥက္ကလာပမြို့နယ်၊ သီတင်းကျွတ်လဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တပဏ္ဍိတ ဒွိပိဋကရေမဟာဂန္ထဝါစကပဏ္ဍိတ မဏိရတနာ ကျောင်းတိုက် ခြောက်ထပ်ကြီး ဗဟန်းမြို့နယ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တရေဝတဓမ္မ (ရွှေနံ့သာ) မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် သန်လျင်မြို့၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်မှ နတ်တော်လဆန်း ၂ရက်အထိ၊ ဘဒ္ဒန္တသောဘန(ဇေယျဝတီ) ဓမ္မာစရိယ(B.A) နိဗ္ဗာန်ရွှေဂူတောရရိပ်သာ မင်္ဂလာဒုံမြို့နယ်၊ ပြာသိုလပြည့်ကျော် ၁ရက်မှ ၇ရက်အထိ ဘဒ္ဒန္တဉာဏောဘာသ (ကညင်ကုန်း) (ဓမ္မာစရိယ) အဖွဲ့ခွဲ (၂၉၁) ပုဗ္ဗာရာမအရှေ့ကျောင်းတိုက် ကွမ်းခြံကုန်းမြို့နယ်၊ တပို့တွဲလပြည့်ကျော် ၆ရက်မှ လပြည့်ကျော်၁၂ရက်အထိ ဘဒ္ဒန္တကောဏ္ဍည (ဓမ္မာစရိယ) မိုးကုတ် ဓမ္မရိပ်သာကျောင်းတိုက် အောင်ချမ်းသာ သန်လျင်မြို့နယ်၊ (သင်္ကြန်) အထူး တရားစခန်းပွဲကို ဘဒ္ဒန္တတေဇောဘာသ (ဓမ္မာစရိယ) ပုဗ္ဗာရုံ ကျောင်းတိုက် သဃ်န်းကျွန်းမြို့နယ်တို့မှ ကမ္မဋ္ဌာနာစရိယတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ဆွမ်း၊ အာဟာရ၊ အချိုရည်များနှင့် ရိပ်သာဘက်စုံအထွေထွေ ဆက်ကပ်လှူဒါန်းလိုပါက ဖုန်း-၀၅၆-၃၀၄၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror — ထူးထူးခြားခြား ဖြစ်ရပ်သတင်း

# ဘိုးအင်း ၇၄၇ လေယာဉ်ကြီးဝမ်းဗိုက်တွင် ရောမအပေါက်ကြီးဖြစ်ပေါ်၍ အရေးပေါ်ဆင်းသက်ရ

**မနီလာ ဇူလိုင် ၂၅**

လေယာဉ်အမှုထမ်းများအပါအဝင် ခရီးသည် ၃၀၀ ကျော်လိုက်ပါလာသော ဘိုးအင်း ၇၄၇ လေယာဉ်တစ်စင်းသည် ပျံသန်းနေစဉ်အတွင်း လေယာဉ်ဝမ်းဗိုက်တွင် အပေါက်ကြီးတစ်ခု ပေါက်ထွက်သွားပြီး ကုန်ခန်းအတွင်းလေဖိအား လျော့ကျသွားခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သောကြာနေ့ ဒေသစံတော်ချိန် နံနက် ၁၁နာရီ၌ အရေးပေါ်ဆင်းသက်လိုက်ရကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အခြေစိုက် ကွမ်တက်စ် လေကြောင်းလိုင်းပိုင် အဆိုပါ လေယာဉ်ကြီးသည် လန်ဒန်မှ စတင်ထွက်ခွာလာပြီး ဟောင်ကောင်တွင် တစ်ထောက်နားကာ ခရီးသည် ၃၅၀နှင့် လေယာဉ်အမှုထမ်း ၁၆ ဦးတို့ကို တင်ဆောင်၍ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့သို့ ဆက်လက်ပျံသန်းစဉ် အဆိုပါဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း မနီလာလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရသူ တစ်ဦးမျှ မရှိခဲ့ကြောင်း၊ လေဆိပ်အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သော ဓာတ်ပုံများအရ လေယာဉ်ဝမ်းဗိုက် လက်ယာဘက် တောင်ပံအနီးတွင် နှစ်မီတာခွဲမှ သုံးမီတာခန့်ကျယ်သော အပေါက်ကြီးတစ်ပေါက်ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။**(အပေါ်ပုံ)**

*ဆင်ဟွာ။*

# သူတို့ ဤသို့တီထွင်ခဲ့ကြသည်

**နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။**

| စဉ် | တီထွင်သည့်ပစ္စည်း | တီထွင်သည့်ခုနှစ် | တီထွင်သူ | နိုင်ငံသား |
|---|---|---|---|---|
| ၁ | အော့တိန်းဓာတ်ဆီ | ၁၉၃၀ | Ipatieff | ရုရှား |
| ၂ | ရေဒီယိုသတ္တိကြွမှုတိုင်းတာရေး ကိရိယာ | ၁၉၁၃ | Geiger | ဂျာမနီ |
| ၃ | စက်မဲ့လေယာဉ် (Glider) | ၁၈၅၃ | Cayley | အင်္ဂလိပ် |
| ၄ | ကျည်ထိုးသေနတ် | ၁၈၁၁ | Thornton | အမေရိကန် |
| ၅ | ဘရောင်းနင်းသေနတ် | ၁၈၉၇ | Browning | အမေရိကန် |
| ၆ | ကျည်ကပ်သေနတ် | ၁၈၇၅ | Hotchkiss | အမေရိကန် |
| ၇ | အသံတိတ်သေနတ် | ၁၉၀၈ | Maxim,H.P | အမေရိကန် |
| ၈ | ရိုတ်သိမ်းခြွေလှေ့စက် | ၁၈၁၈ | Lane | အမေရိကန် |
| ၉ | နှလုံးအတု | ၁၉၈၂ | Jarvik | အမေရိကန် |
| ၁၀ | ရဟတ်ယာဉ် | ၁၉၃၉ | Sikorsky | အမေရိကန် |

# ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း၃၄ ဒသမ ၀၄၉ တန်သည် ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြောင်းသိရှိရသည်။ (သတင်းစဉ်)

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

## အီရန်အား နျူကလီးယားစမ်းသပ်မှုရပ်ဆိုင်းရေး အဖြေပေးရန် ရက်သတ်မှတ်မှု ရုရှားသဘောမတူ

**မော်စကို ဇူလိုင် ၂၆**

အီရန်နိုင်ငံအား ကမ္ဘာ့အင်အားကြီးနိုင်ငံများက မက်လုံးများပေးပြီး နျူကလီးယားစမ်းသပ်မှု ရပ်ဆိုင်းရန် တောင်းဆိုထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားပေးရန်အတွက် ဖိအားပေးသည့်အနေဖြင့် နောက်ဆုံးရက် သတ်မှတ်ခြင်းကို သဘောမတူကြောင်း ရုရှားနိုင်ငံက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

သို့သော်လည်း ရုရှားက အီရန်နိုင်ငံအား ထိုကိစ္စအပေါ် အချိန်ဆွဲနေခြင်းကိုလည်း သတိပေးလိုက်သည်။

လွန်ခဲ့သည့်လက ရုရှားနိုင်ငံ အပါအဝင် အင်အားကြီး ခြောက်နိုင်ငံက အီရန်နိုင်ငံအား စီးပွားရေးနှင့် အခြားမက်လုံးများပေးပြီး ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ရပ်ဆိုင်းပေးရန် ကမ်းလှမ်းခဲ့သည်။

စင်ကာပူတွင် ကျင်းပသော အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲတွင် ပြုလုပ်သည့် သီးသန့်အစီအစဉ်ဖြင့် သတင်းထောက်များကို တွေ့ဆုံရာ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗရော့ဗ်က အီရန်နိုင်ငံက ပြန်လည်ဖြေကြားပေးရန် ဖိအားပေးသည့်သဘောဖြင့် နောက်ဆုံးရက်သတ်မှတ်ခြင်းသည်ပြဿနာကို ပို၍ရှုပ်ထွေးစေလိမ့်မည်ဟု ပြောကြားသွားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကိုလံဘီယာ အက်ဖ်အေအာရ်စီ သူပုန်များ ဓားစာခံရှစ်ဦး လွှတ်ပေး

**ဘိုဂိုတာ ဇူလိုင် ၂၆**

ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာရ်စီ) ပြောက်ကျားများက ဓားစာခံရှစ်ဦးကို ပထမဆုံးလွှဲပြောင်းမှုအဖြစ် လွှတ်ပေးခဲ့သည်။ သို့ရာတွင် ဇူလိုင် ၂ ရက်ကဖမ်းဆီးထားသူ ၁၄ ဦးရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။ ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းဒေသရှိ မြစ်များအတွင်း ခရီးသွားလာနေသော အာဖရိက-ကိုလံဘီယာ ရှစ်ဦးကို လွန်ခဲ့သော ရက်သတ္တပတ်တွင် အက်ဖ်အေအာရ်စီ ပြောက်ကျားများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်မှ ရှေးဟောင်းပစ္စည်းများ အီတလီအစိုးရ ပြန်လည်ပေးအပ်

**ရောမ ဇူလိုင် ၂၆**

အမေရိကန်ဦးဆောင်သောအပေါင်းပါတပ်များ ကျူးကျော်ဝင်ရောက်ပြီး အီရတ်နိုင်ငံမှ မှောင်ခိုထုတ်ယူခဲ့သော အီရတ်ရှေးဟောင်းပစ္စည်း ၁၃ မျိုးအား အီတလီအစိုးရက ဇူလိုင် ၂၄ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။

ဝန်ကြီးချုပ် ဆီဗီယိုဘာလူစကိုနီက အီရတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေစဉ် အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီအား ကျောက်စာတိုင်တစ်ခုနှင့် မီးအိမ်တစ်ခုအပါအဝင် ရှေးဟောင်းပစ္စည်းများပေးအပ်ခဲ့သည်။

ကျူးကျော်စစ် ဖြစ်ပွားပြီးနောက် နိုင်ငံအတွင်းမှ မှောင်ခိုထုတ်ယူသွားသည့် ဥစ္စာပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းများအားလုံး ပြန်လည်ရရှိရေးအတွက် အီတလီနိုင်ငံ၏ နမူနာကိုယူ၍ အခြားနိုင်ငံများကလည်း ရှေးလက်ရာများရှာဖွေ၍ ပြန်လည်၍ ပေးအပ်ရန် အီရတ်ဝန်ကြီးချုပ်မာလီကီက မေတ္တာရပ်ခံအကူအညီတောင်းထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အမေရိကန်သမ္မတရွေးပွဲအတွက် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဖြစ်သူ ဘားရက်အိုဘားမားသည် ပြည်ပခရီးအဖြစ် အီရတ်၊ အာဖဂန်၊ အစ္စရေး၊ ဂျော်ဒန်နှင့် ပြင်သစ်နိုင်ငံတို့သို့ မဲဆွယ်စည်းရုံးရေး ခရီးထွက်စဉ်။**
[အိုဘားမားသည် ယခုအခါ ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေသည်။]
(ဓာတ်ပုံ-အင်တာနက်)

**ပေကျင်းအိုလံပစ်အားကစားပွဲ ကျင်းပမည့် ပေကျင်းမြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံကြီးကို နောက်ခံပြု၍ အမှတ်တရဓာတ်ပုံရိုက်နေသူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## နယ်စပ်ဒေသတိုက်ခိုက်မှုတွင် အရပ်သားလေးဦးသေဆုံးရသည်ဟု ဘင်္ဂလားဒေ့ရှ် စစ်ဘက်ပြောကြား

**ဒါကာ ဇူလိုင် ၂၆**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဒေသတွင် လွန်ခဲ့သော ရက်သတ္တပတ်က တိုက်ခိုက်မှုဖြစ်ပွားရာ အိန္ဒိယတပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် အရပ်သားလေးဦး သေဆုံးကြောင်း ဘင်္ဂလားဒေ့ရှ် စစ်ဘက်က ကြာသပတေးနေ့တွင် စွပ်စွဲသည်။

ဇူလိုင် ၁၇ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ချာပန်နာဝက်ဂန်ခရိုင်တွင် ၎င်းတို့နယ်စပ် အစောင့်နှစ်ဦး သေဆုံးရခြင်းနှင့် ပတ်သက်၍ အိန္ဒိယကို ဘင်္ဂလားဒေ့ရှ်က တရားဝင် ကန့်ကွက်ခဲ့သည်။

ယင်းမတော်တဆ ဖြစ်ပွားရာ၌ ဘင်္ဂလားဒေ့ရှ်နယ်စပ်အစောင့်များက ပြန်လည်ပစ်ခတ်မှုကြောင့် အိန္ဒိယအစောင့် တစ်ဦးသေဆုံးကြောင်း ဘင်္ဂလားဒေ့ရှ်စစ်ဘက်က ပြောကြားသည်။

အိန္ဒိယအစိုးရက ၎င်းတို့တပ်ဖွဲ့များသည် ညပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ မှောင်ခိုသူများနှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို ရည်ရွယ်၍တားဆီးခြင်းဖြစ်သည်ဟုဆိုသည်။ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းသည် မိုင်ပေါင်း ၂၅၀၀ မျှ ရှည်လျားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## စပိန်နွယ်ဖွား အမေရိကန် သုံးပုံနှစ်ပုံက အိုဘားမားကိုထောက်ခံ

**ဖီးနစ် ဇူလိုင် ၂၆**

အမေရိကန်နိုင်ငံသား စပိန်နွယ်ဖွား မဲဆန္ဒရှင် သုံးပုံနှစ်ပုံသည် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားကို ထောက်ခံကြကြောင်း လေ့လာဆန်းစစ်ရာတွင် တွေ့ရသည်။

စပိန်နွယ်ဖွားများဗဟို အဖွဲ့က တစ်နိုင်ငံလုံးသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းပြီး ကြာသပတေးနေ့က စစ်တမ်းထုတ်ပြန်သည်။ စစ်တမ်းကောက်ယူရေးအဖွဲ့သည် စပိန်မျိုးနွယ်ဖွားပေါင်း ၂၀၁၅ဦးကို နမူနာကောက်ယူလေ့လာရာ၌ ၆၆ ရာခိုင်နှုန်းသည် အိုဘားမားကိုထောက်ခံကြပြီး ၂၃ ရာခိုင်နှုန်းက ဂျွန်မက်ကိန်းကို ထောက်ခံကြောင်း တွေ့ရှိရသည်။

စပိန်နွယ်ဖွား မဲဆန္ဒရှင်များအနက် ၆၅ရာခိုင်နှုန်းသည် ဒီမိုကရက်တစ်ပါတီဘက်သို့ ယိမ်းပြီး ၂၆ ရာခိုင်နှုန်းသည် ရီပတ်ဘလီကန်ပါတီဘက်သို့ ယိမ်းကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဒဗလျူတီအို ၁၅၃ နိုင်ငံမြောက်အဖွဲ့ဝင် ကိတ်ဗာဒီ ဗီတိုအာဏာရရှိ

**ဂျီနီဗာ ဇူလိုင် ၂၆**

လူဦးရေ ၄၂၇၀၀၀ သာရှိသော အာဖရိက နိုင်ငံငယ်လေးဖြစ်သည့် ကိတ်ဗာဒီသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)တွင် ဗီတိုအာဏာ သုံးပိုင်ခွင့်ကို ဇူလိုင် ၂၃ ရက်နေ့က ရရှိသွားသည်။

ကိတ်ဗာဒီသည် အာဖရိကတိုက် အနောက်ဘက် ပင်လယ်ကမ်းလွန်ရှိ ကျွန်း ၁၀ ကျွန်း စုပေါင်းထားသော နိုင်ငံဖြစ်သည်။

ဒဗလျူတီအိုတွင် အခြေခံသဘောတူညီချက်ရရှိရန် ရည်ရွယ်၍ သွင်းကုန်အပေါ် အခွန်ကောက်ခံခြင်းနှင့် ပို့ကုန်အပေါ် အထောက်အပံ့ပေးခြင်းများအား မည်သို့လျှော့ချရမည်ကို စီးပွားရေးတွင် ဦးဆောင်ဦးရွက်ပြုနေသော နိုင်ငံများက ဆွေးနွေးလျက်ရှိသည်။ အစည်းအဝေးသုံးရက်မြောက်နေ့တွင် ကိတ်ဗာဒီနိုင်ငံသည် ဒဗလျူတီအိုအဖွဲ့၏ ၁၅၃ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာခြင်းဖြစ်သည်။

ဒဗလျူတီအိုသည် ချမ်းသာသော နိုင်ငံများက ကြီးစိုးသည့် ကမ္ဘာ့ဘဏ်ကဲ့သို့သောနိုင်ငံတကာအဖွဲ့အစည်းများနှင့်မတူပေ။ ဒဗလျူတီအို၌ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဗီတိုအာဏာ ကျင့်သုံးခွင့်ပေးထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## တာလီဘန်များကို ပါကစ္စတန်နိုင်ငံအတွင်း လိုက်လံရှာဖွေမည် မဟုတ်ဟု နေတိုးပြော

**ကဘူး ဇူလိုင် ၂၆**

မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး)သည် တာလီဘန်များကို လိုက်လံရှာဖွေရန်အတွက် ပါကစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်မည်မဟုတ်ကြောင်း၊ သို့သော် စစ်သွေးကြွများသည် အာဖဂန်နစ္စတန်နယ်စပ်ကို ဖြတ်ကျော်၍ မဟာမိတ်တပ်များကို တိုက်ခိုက်လာခဲ့လျှင် ၎င်းတို့အား ပစ်ခတ်ရန် အခွင့်အရေးရှိကြောင်း မဟာမိတ်တပ်များ၏ အကြီးအကဲက ကြာသပတေးနေ့တွင်ပြောကြားသည်။

ပါကစ္စတန် အစိုးရသစ်နှင့် နယ်စပ်ဒေသ မျိုးနွယ်စုတို့ နေထိုင်ရာဒေသ၌ ခိုအောင်းနေသည့် သူပုန်များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မကြာသေးမီက ရရှိခဲ့သည်။ ထိုသဘောတူမှုရရှိပြီးနောက် အာဖဂန်နယ်စပ်ဒေသတစ်လျှောက်တွင် စစ်သွေးကြွ တို့၏ တိုက်ခိုက်မှုများမှာ ရာခိုင်နှုန်း ၄၀ အထိခုန်တက်လာခဲ့သည်ဟု ဆိုသည်။

နေတိုးတပ်ဖွဲ့များက ပါကစ္စတန်နယ်စပ်၌ခိုနေသော တာလီဘန်များကိုတိုက်ရန် ကုလသမဂ္ဂမှ ခွင့်ပြုချက်ရယူရန် ရှိပါသလားဟု အာဖဂန်ရှိ နေတိုးစစ်ဘက်အကြီးအကဲ ဂျပ်ဒီဟုဖ်ရှက်ဖာကိုသတင်းထောက်များက မေးမြန်းသည်။ ထိုအမေးကို ဖြေကြားရာ၌ ကုလသမဂ္ဂခွင့်ပြုချက် ရယူမည်မဟုတ်ကြောင်း၊ သို့သော်နေတိုးတပ်ဖွဲ့များ နယ်စပ်ဖြတ်၍ အတိုက်ခံရပါက ခုခံကာကွယ်သည့်အနေဖြင့် ပြန်လည်တုံ့ပြန်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက သောင်းကျန်းသူဟု သံသယရှိသူတစ်ဦးအား ဇူလိုင် ၂၅ရက်က ဖမ်းဆီးခေါ်ဆောင်လာစဉ်။** *(အင်တာနက်)*

**ပေကျင်း အိုလံပစ်ပွဲတော် သတင်းထုတ်ပြန်ရေး ဌာနရှိ ဆင်ဟွာသတင်းဌာနကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။**

*(အင်တာနက်)*

# ရုရှားနိုင်ငံက ပြည်ပတွင် စစ်စခန်းထားရှိရန် အစီအစဉ်မရှိ

**မော်စကို ဇူလိုင် ၂၆**

ရုရှားက ပြည်ပနိုင်ငံများတွင် စစ်စခန်းဖွင့်လှစ်ထားမည်ဆိုသောသတင်းနှင့် အမေရိကန်၏ ဥရောပတွင် အခြေစိုက်မည့် ဒုံးပျံကာကွယ်ရေး အစီအစဉ်ကို တုံ့ပြန်ရန် ကျူးဘား၌ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ချထားမည်ဆိုသော သတင်းများထွက်ပေါ်လျက်ရှိသည်။ ထိုသတင်းများမှာ မှန်ကန်မှုမရှိကြောင်း ရုရှားတို့က ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

တီယူ-၁၆၀ အသံထက်မြန်သော ဗုံးကြဲလေယာဉ်များနှင့် တီယူ-၉၅ တာဘိုပရော့ပ် လေယာဉ်များသည် ရုရှားတို့၏ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်ကြီးများ ဖြစ်သည်။ ထိုလေယာဉ်များသည် နျူကလီးယား လက်နက်ကို သယ်ဆောင်နိုင်ကြောင်း သိရသည်။ ရုရှားတို့သည် အဆိုပါ လေယာဉ်များကို ကျူးဘားနိုင်ငံတွင် ချထားရန် ရှိသည်ဆိုသော သတင်းကို ရုရှားနိုင်ငံထုတ် အစ်ဇဘက်ရှား သတင်းစာက ဖော်ပြလိုက်ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ငြိမ်းချမ်းသော မူဝါဒကို လက်ခံကျင့်သုံးသည်နှင့်အညီ မည်သည့်ပြည်ပနိုင်ငံတွင်မျှ စစ်စခန်းချထားမည်မဟုတ်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ လာသောသတင်းကို ကိုးကား၍ ရုရှားသတင်းအေဂျင်စီက ဖော်ပြသည်။ အကယ်၍ ရုရှားတို့ကသာ ကျူးဘားနိုင်ငံ ကို မဟာဗျူဟာဗုံးကြဲ လေယာဉ်များဆီဖြည့်ရာစခန်းအဖြစ်အသုံးပြုလာမည်ဆိုလျှင် ထိုနိုင်ငံသည် သတ်မှတ်ထားသောအန္တရာယ်မျဉ်းကိုကျော်လာပြီဟု ယူဆရမည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်း ဗိုလ်ချုပ်တစ်ဦးက ပြောကြားသည်ဟု ဆိုသည်။ ကျူးဘားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်မိုင်၉၀ အကွာတွင် တည်ရှိသောကျွန်းနိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ရုရှား ဗုံးကြဲလေယာဉ်သတင်းကိစ္စ ကျူးဘားမတုံ့ပြန်

**ဟာဗားနား ဇူလိုင် ၂၆**

ရုရှားနိုင်ငံသည် စစ်အေးကာလ မဟာမိတ်နိုင်ငံ ကျူးဘား၌ ဗုံးကြဲလေယာဉ်များ ဆီဖြည့်တင်းရန် စခန်းအဖြစ် အသုံးပြုနိုင်ဖွယ် ရှိကြောင်း ယခုအပတ်အတွင်း ရုရှားနိုင်ငံမှ ထွက်ပေါ်လာသော သတင်းတစ်ပုဒ်နှင့်စပ်လျဉ်း၍ ကျူးဘားနိုင်ငံက ရှင်းလင်းပြရန် သော်လည်းကောင်း၊ တောင်းပန်ရန်လည်းကောင်း မလိုအပ်ကြောင်း ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်ကက်စထရိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

၎င်းက အဆိုပါ သတင်းသည် မှားကြောင်းမှန်ကြောင်းကိုပြောဆိုခြင်း မပြုပေ။ ကျူးဘား တာဝန်ရှိပုဂ္ဂိုလ်များကလည်း သဘောထားမှတ်ချက် မထုတ်ပြန်ကြပေ။

ကက်စထရိုက ၎င်း၏ညီ သမ္မတရာလ်ကက်စထရိုကို ရည်ညွှန်း၍ ရာလ်သည် အဆိုပါသတင်းအပေါ် ဂုဏ်သိက္ခာရှိရှိ တိတ်ဆိတ်စွာ နေခဲ့သည်ဟု အွန်လိုင်းပေါ်မှ ဆောင်းပါးတစ်ပုဒ်တွင် ရေးသားခဲ့သည်။

မော်စကိုက ဆန့်ကျင်သော အမေရိကန်၏ ဥရောပအတွင်း ချထားမည့် ဒုံးပျံကာကွယ်ရေးအစီအစဉ်ကိုတုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံသည် ငန်းဖြူဟု အမည်ဝှက်ပေးထားသော အသံထက်မြန်သည့် တီယူ-၁၆၀ ဗုံးကြဲ လေယာဉ်များကို ကျူးဘားတွင် ဆင်းသက်စေမည်ဟု အထက်အဆင့်မှ သတင်းအရင်းအမြစ်ကို ကိုးကား၍ အစ်ဇဘက်ရှား သတင်းစာက ယခုအပတ်အတွင်းဖော်ပြခဲ့သည်။

ရုရှားတာဝန်ရှိသူများက အဆိုပါ သတင်းကို ငြင်းဆိုခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အရှေ့အာရှနိုင်ငံများ စွမ်းအင်ဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်

**စင်ကာပူ ဇူလိုင် ၂၆**

အာဆီယံနိုင်ငံများနှင့် အာရှခြောက်နိုင်ငံမှ ဆွေးနွေးဖက် နိုင်ငံခြားရေးဝန်ကြီးများသည် တွေ့ဆုံကြပြီးနောက် ဒေသတွင်း စွမ်းအင်ဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် အင်္ဂါနေ့က သဘောတူညီခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးများသည် ပုံမှန်မဟုတ်သည့် အရှေ့အာရှနိုင်ငံများ အစည်းအဝေး(အီးအေအက်စ်)ကို တစ်ရက်တာ ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးတွင် စွမ်းအင် ထုတ်လုပ်သော နိုင်ငံများနှင့် သုံးစွဲသော နိုင်ငံများတို့၏ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍကို အစားထိုးစွမ်းအင်များ ရှာဖွေဖော်ထုတ်ရာတွင် ပါဝင်စေခြင်း၊ ရေအားလျှပ်စစ်နှင့် ဇီဝလောင်စာစသည့် အစားထိုးစွမ်းအား ဖွံ့ဖြိုးစေခြင်း၊ ရေနံဈေးကစားသည့်ကိစ္စကို ထိန်းချုပ်ခြင်း စသည့် နည်းလမ်းများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဖော်ပြပါ ပြဿနာများသာမက ရိက္ခာဖူလုံရေးမှာလည်း အခြားအရေးပါသောပြဿနာတစ်ရပ်ဖြစ်ကြောင်းကိုလည်းဝန်ကြီးများကလက်ခံခဲ့ကြသည်။

စိုက်ပျိုးရေး၌ မျိုးကောင်းမျိုးသန့်နှင့် အထွက်ကောင်းမျိုးများ အသုံးပြုရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး စသည့် နည်းလမ်းများကိုလည်း အကြံပြုဆွေးနွေးခဲ့ကြသည်။

အရှေ့အာရှနိုင်ငံများထိပ်သီးအစည်းအဝေးကိုလာမည့်ဒီဇင်ဘာလအတွင်း ကျင်းပရန်ရှိသည်။ ထိုအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် ခြောက်နိုင်ငံတို့ ပါဝင်တက်ရောက်မည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ဆွေးနွေးဖက် ခြောက်နိုင်ငံမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အိန္ဒိယနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။ ထို ၁၆ နိုင်ငံကို ပေါင်းရုံး၍ အီးအေအက်စ်အဖွဲ့ဝင် နိုင်ငံများဟု ခေါ်ဆိုခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# စီချွမ်ပြည်နယ် အရှေ့မြောက်ဘက်၌ အင်အားပြင်းငလျင် ထပ်လှုပ်

**ပေကျင်း ဇူလိုင် ၂၆**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ငလျင်လှုပ်ခဲ့သည့်ဒေသတွင် ဇူလိုင် ၂၄ ရက်က အင်အားပြင်းငလျင် အနည်းဆုံးသုံးကြိမ်လှုပ်ခတ်မှုဖြစ်ပွားရာ အသက်ကြီးသူတစ်ဦး သေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၂၄ရက် စောစောပိုင်းက စီချွမ်ပြည်နယ် အရှေ့မြောက်ဘက်ရှိ ကင်ချွမ်စီရင်စုတွင် ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်မှုကြောင့်အသက် ၆၀ အရွယ်တစ်ဦး သေဆုံးကြောင်း၊ ရှန်စီပြည်နယ် နင်ကျန်စီရင်စုအနီးတွင် အနည်းဆုံး လူလေးဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။

အရဏ်ဦး၌ လှုပ်သော ငလျင်နှစ်ခုကြောင့် မြေများပြိုကျကာ လမ်းအချို့ ပြတ်တောက်သွားခဲ့ရသည်။

မွန်းလွဲ ၃နာရီ ၉မိနစ်တွင်ကျိုကျန်မြို့ အနောက်တောင်ဘက် ဒေသများတွင် ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိငလျင် ထပ်မံလှုပ်ခတ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**အနောက်ကမ်းတွင် အစ္စရေးတို့ နယ်မြေခွဲခြားရေး အတားအဆီး လုပ်ခြင်းကို ဆန့်ကျင်ကန့်ကွက်ကြသည့် ပါလက်စတိုင်းများအား တားဆီးရန် စောင့်ကြည့်နေသည့် အစ္စရေးတပ်ဖွဲ့ဝင်များအား ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။**

*(အင်တာနက်)*

# ဒေါ်လီမုန်တိုင်းကြောင့် အမေရိကန်-မက္ကဆီကိုနယ်စပ်တွင် ရေကြီးလာမည်ကို စိုးရိမ်နေရ

**ဘရောင်းဗယ်လီ(တက္ကဆက်) ဇူလိုင် ၂၆**

ဟာရီကိန်းဒေါ်လီမုန်တိုင်းသည် ဇူလိုင် ၂၄ရက်ကအမေရိကန်-မက္ကဆီကိုနယ်စပ်ကမ်းရိုးတန်းဒေသကို ဖြတ်ကျော်တိုက်ခတ်သွားရာလူဦးရေထူထပ်သည့် ရိုင်ရိုဂရင်ဗယ်လီဒေသတွင် ရေကြီးမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်နေရသည်။ထိုဒေသမှာလူဦးရေတစ်သန်းကျော်နေထိုင်သောဒေသဖြစ်သည်။မုန်တိုင်းအရှိန်ကြောင့် မိုးများဆက်လက် ရွာသွန်းလျက်ရှိသော်လည်း ယခုအချိန်ထိ ရေကြီးခြင်းမရှိသေးပေ။ နေရာအတော်များများတွင် ရေလျှံသည့် အခြေအနေများ ဖြစ်ပေါ်နေသော်လည်း လောလောဆယ်အချိန်ထိ တာများ၊ ရေတံခါးများမှာ တောင့်ခံနေနိုင်ဆဲဖြစ်သည်ဟု ဒေသခံအရာရှိများက ပြောကြားသည်။ လတ်တလောအခြေအနေတွင် စိုးရိမ်နေရသော်လည်း ဒေါ်လီမုန်တိုင်း ကုန်းတွင်းပိုင်းသို့ဝင်ရောက်သွားသောအခါ အခြေအနေမှာကောင်းမွန်သွားဖွယ်ရာရှိသည်ဟု ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူကွန်နီဘာဖာဇော့စ်ကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# ဗောက်စ်ဝက်ဂွန်၊ ပီးဂေါ့နှင့် ဖီးယက်ကားကုမ္ပဏီတို့ ဈေးကွက်တွင် အခြေအနေကောင်းလျက်နေ

**ပါရီ(ဖရင့်ဖက်) ဇူလိုင် ၂၆**

ဥရောပဒေသ၏ မော်တော်ကားလုပ်ငန်းများသည်၂၀၀၈ခုနှစ်ဒုတိယနှစ်ဝက်ကာလတွင် အကျပ်အတည်းတွေ့နိုင်သည်ဟု လေ့လာသုံးသပ်သူများက သတိပေးချက်ထုတ်ပြန်ထားသည်။ သို့ရာတွင် ဗောက်စ်ဝက်ဂွန်နှင့် ဥရောပ ကားလုပ်ငန်း သုံးခုတို့သည် အခြေအနေ ကောင်းနေကြသည်ကို တွေ့ရသည်။

ထိုကားလုပ်ငန်းသုံးခုသည် ၎င်းတို့၏၂၀၀၈ခုနှစ်အတွက် နှစ်လုံးပေါက်ရောင်းချမည့် ကားစီးရေ ရည်မှန်းချက်ကို လျှော့ချပြင်ဆင်ခြင်း မပြုဘဲ မူလ ရည်မှန်းချက်အတိုင်းသာ ဆက်လက်ထားရှိသည်။

ဗောက်စ်ဝက်ဂွန်သည် ဥရောပ၏ နံပါတ် ၁ ကား ကုမ္ပဏီဖြစ်ပြီး ကမ္ဘာ့ကားလုပ်ငန်း၏ စတုတ္ထနေရာတွင် ရှိသည်။ အဆိုပါကုမ္ပဏီသည် ဒုတိယ လေးလပတ်တွင် လုပ်ငန်းလည်ပတ်မှုမှ အမြတ်ငွေ ၂၂ ရာခိုင်နှုန်း ရရှိထားသည်။ ယခုနှုန်းအတိုင်းသာ အမြတ်ရရှိပါက ဗောက်စ်ဝက်ဂွန်ကုမ္ပဏီသည် ယင်း၏ နှစ်ပတ်လည် ရည်မှန်းချက်ကို ပြည့်မီနိုင်သည်ဟု သုံးသပ်သူများက ရှုမြင်ထားသည်။

ဗောက်စ်ဝက်ဂွန်ကားလုပ်ငန်းနည်းတူ ပီးဂေါ့ကားလုပ်ငန်းနှင့် ဖီးယက်ကား လုပ်ငန်းတို့သည်လည်း ဈေးကွက်တွင် အခြေအနေ ကောင်းကြကြောင်း တွေ့ရှိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ နက်ဂျက်ဖ်မြို့ ဒုက္ခသည်စခန်း တစ်ခုအတွင်း ခိုလှုံနေကြရသည့် ကလေးငယ်များအား ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။**

*(အင်တာနက်)*

# ၁၉နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ တနင်္သာရီတိုင်းအသင်း ဗိုလ်စွဲ

တောင်ကြီး ဇူလိုင် ၂၆

**၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၂နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။**

**တနင်္သာရီတိုင်းအသင်း - လေးဂိုး။**
(ကျော်ကျော်စိုး - နှစ်ဂိုး၊ နေရဲအောင်နှင့် သူရမြင့်သိန်း - တစ်ဂိုးစီ)
**ကရင်ပြည်နယ်အသင်း - တစ်ဂိုး။**
(စိန်ဘမြင့်)
**အကောင်းဆုံးဆု**
နေရဲအောင်(တနင်္သာရီ)

တနင်္သာရီတိုင်းအသင်းနှင့် ကရင်ပြည်နယ်တို့မှာ ပထမပိုင်းတွင် တစ်ဂိုးစီ သရေကျနေသော်လည်း တနင်္သာရီက ဒုတိယပိုင်းတွင် သုံးဂိုးဆက်တိုက်သွင်းယူနိုင်သဖြင့် ချန်ပီယံဆုကြီးကို ဆွတ်ခူးရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံ တနင်္သာရီတိုင်းအသင်းမှာ အုပ်စု (ဃ)တွင် ပါဝင်ခဲ့ပြီး မွန်ပြည်နယ်ကို သုံးဂိုး-တစ်ဂိုး၊ ကချင်ပြည်နယ်ကိုသုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး ဧရာဝတီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးကာ အုပ်စုဒုတိယရရှိခဲ့သည်။

ကွာတားဖိုင်နယ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုနှစ်ဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်ရှမ်းပြည်နယ်(တောင်ပိုင်း)ကို တစ်ဂိုး-ဂိုးမရှိ၊ ယခုဗိုလ်လုပွဲတွင်ကရင်ကိုလေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တနင်္သာရီ တိုင်းမှာ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြနိုင်ခဲ့သဖြင့်အားကစားဝန်ကြီးဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးတင်အောင်ကဗိုလ်လုပွဲပွဲစဉ်၏ အကောင်းဆုံးဆုရ နေရဲအောင်(တနင်္သာရီ)အားဆုငွေကျပ်တစ်သောင်းခွဲကိုလည်းကောင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ် အသင်းတို့အား ကမ္ဘောဇဘဏ် လီမိတက်မှ ချီးမြှင့်သည့် အောင်နိုင်ရေး ထောက်ပံ့ ပံ့ပိုး

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း ချီးမြှင့်စဉ်။** (ကြေးမုံ)

ငွေ ကျပ်ငါးသောင်းစီကို ပြည်နယ်ဘောလုံးအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်ဦးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တတိယဆုရရှိသော ဧရာဝတီတိုင်းအသင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အသင်း၊ ပထမဆုရရှိသော တနင်္သာရီတိုင်းအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသော ဂိုးသမား-ကိုကိုနိုင် (ဧရာဝတီ)၊ နောက်တန်း - သန့်ဇင်(တနင်္သာရီ)၊ အလယ်တန်း-ညီညီအောင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှေ့တန်း-ကျော်ကျော်စိုး(တနင်္သာရီ)နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆု ရရှိကြသော နိုနိုကျော်(တနင်္သာရီ) တို့ကိုလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက အသန့်ရှင်းဆုံးအသင်းဆုရရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအား ဆုဖလားနှင့် ငွေကျပ်တစ်သိန်း၊ တတိယဆုရရှိသော ဧရာဝတီတိုင်းအား ငွေကျပ်နှစ်သိန်း ငါးသောင်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အား ငွေကျပ် ငါးသိန်း၊ ပထမဆုရရှိသော တနင်္သာရီတိုင်းအသင်းအား ငွေကျပ် ခုနစ်သိန်းငါးသောင်းတို့ကိုပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က တတိယဆုရရှိသော ဧရာဝတီတိုင်းအား ငွေကျပ်သုံးသိန်း၊ ဒုတိယဆုရရှိသော ကရင်ပြည်နယ်အား ငွေကျပ်ခြောက်သိန်း၊ ပထမဆု ရရှိသော တနင်္သာရီတိုင်းအား ဆုကြေးငွေကျပ် ၁၀သိန်းနှင့် တံခွန်စိုက်ဆုဖလား တို့ကို ပေးအပ်ချီးမြှင့်သည်။

ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသောအသင်း သုံးသင်းအား ဂုဏ်ပြုအားပေး ချီးမြှင့်သည့်အနေဖြင့် ယင်းဆုကြေးငွေများကို ထပ်မံပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်ကျင်းပသော ပွဲစဉ်(၂၀)ပွဲအတွက် တစ်သင်းလျှင် ငါးသောင်းနှုန်းဖြင့် တစ်ပွဲလျှင် တစ်သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ကို ချီးမြှင့်ထားကြောင်းသိရသည်။ (ကြေးမုံ)

## တံခွန်စိုက်ဆုဖလား ချီးမြှင့်

**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမဆုရ တနင်္သာရီတိုင်းအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။** (ကြေးမုံ)

# ပဲခူး ဓမ္မဒူတ တောရရိပ်သာတရားစခန်း

**ရန်ကုန် ဇူလိုင် ၂၆**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဂေါက်ကွင်းအနီးရှိ ဓမ္မဒူတ တောရသာသနာရိပ်သာတွင် ဓမ္မဒူတ ဆရာတော် အရှင်ပညိသရကိုယ်တိုင် ဓမ္မာနုပဿနာ တရားတော်များကို ဩဂုတ် ၁ရက်မှ ၇ရက်အထိဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသော ယောဂီများ ဇူလိုင် ၃၁ရက် အရောက်လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာ ဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉၈၇၂၀၅၄၃ တို့သို့ ဆက်သွယ် နိုင်ကြောင်းသိရသည်။ (က-ပ)

# ဝိပဿနာ
## ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇူလိုင် ၂၆**

စမ်းချောင်းမြို့နယ် ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက် ပဓာနနာယကချုပ် ဆရာတော် ဘဒ္ဒန္တဇဝန (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဆရာတော် ဘဒ္ဒန္တ သိရီပညာသာမိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီးများ ဦးဆောင်၍ ကျေးဇူးရှင် လယ်တီဆရာတော်၏ ဥပနိဿယ၊ အနာဂါမ် ဆရာကြီး ဆရာသက်၏ ကိုယ်တွေ့ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ရန်ကုန်မြို့ဗဟန်းမြို့နယ်ရွှေတိဂုံစေတီ အနီးအာဇာနည်လမ်းဇမ္ဗူအေးဝိဝေကဓမ္မဗိမာန်တော်ကြီးတွင် (ဝါဆိုလပြည့်ကျော် ၉ရက်) ဇူလိုင် ၂၆ရက် ညနေ ၆နာရီမှ (ဝါဆိုလကွယ်နေ့) ဩဂုတ် ၁ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည်။ အဆိုပါ တရားစခန်းတွင် ဇူလိုင် ၃၀၊၃၁နှင့် ဩဂုတ် ၁ရက်တို့၌ မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဒလ အံ့ကြီးဆရာကြီးဦးသန်းရွှေ(မဟာသဒ္ဓမ္မဇောတိကဓဇ)က တရားပြပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "နေ့စဉ်ဆင်နွှဲလူ့ပြိုင်ပွဲ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ) |
| ၈း၁၀ - ၂း၁၀ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၅၅ - ၂း၅၅ | ထူးကဲတဲ့စေတနာများကြားမှ ပြန်လည်ထူမတ်လာသော ဘိုကလေးမြို့မြင်ကွင်းများ |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅- ၃း၃၅ | Euro Goals |
| ၉း၅၅- ၃း၅၅ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော) |
| ၁၀း၁၀ - ၄း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ - ၄း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ - ၄း၂၀ | စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး "ပန်းဂေါ်ဖီပင်စိုက်ပျိုးနည်း" |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | ထူးခြားဆန်းကြယ်သောတောအုပ်ကလေး |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | သွားမယ်စားမယ် (Zephyr ကိုသွားမယ် အညာပဲထမင်းစားမယ်) |
| ၁၁း၂၀- ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် အတူဖြစ်ပေါ်လာသော ရောဂါများ (သွေးလွန်တုပ်ကွေး) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာစောလွင်) |
| ၁၂း၁၀ - ၆း၁၀ | MEGA STAR TALK (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း - ၁) |
| ၁၂း၃၀ - ၆း၃၀ | Activities In The City (သန့်လေးသန့်စီမံချက်ဆိုင်ရာ ဗီဒီယိုဇာတ်ကား ဆုပေးပွဲ အခမ်းအနား) |
| ၁၂း၄၅ - ၆း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ - ၆း၅၀ | Biz Net |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# မုတ်သုံလေဆက်လက်အားကောင်းမည်

**ရန်ကုန် ဇူလိုင် ၂၆**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ထားဝယ်မြို့တွင် ၅ ဒသမ ၄၃ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ဒသမ ၉၃လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၆၃ လက်မ၊ သံတွဲမြို့တွင် ၂ဒသမ ၄၈လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ပဲခူးမြို့တွင် ၂ဒသမ ၁၃ လက်မနှင့် သထုံမြို့တွင် ၂ ဒသမ ၀၅ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**ဇူလိုင် ၂၇ရက် ညနေထိ ခန့်မှန်းချက်** ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၉ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)၂၅-၇-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)၂၆-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၂၆-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၇နာရီခန့် ၂၅-၇-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၆-၇-၂၀၀၈ | ၁၂ မမ (၀ဒသမ၄၇လက်မ) | ၁၃ မမ (၀ဒသမ၅၁လက်မ) | ၁၈ မမ (၀ဒသမ၇၁လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၁၄၇၃ မမ (၅၇ဒသမ၉၉လက်မ) | ၁၆၇၀ မမ (၆၅ဒသမ၇၅လက်မ) | ၁၉၈၆ မမ (၇၈ဒသမ၁၉လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၇-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၆)မိုင်နှုန်း တိုက်ခတ်သည်။

## လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

**VOA လိမ်နေသည်**

**RFA ရန်တိုက်ပေးနေသည်**

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

## ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

| | |
|---|---|
| ရုံးအဖွဲ့မှူး | ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့် |
| ဒုတိယရုံးအဖွဲ့မှူး | ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။ |

## ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဆက်သွယ်ရေး၊ စာတိုက်၊ ကြေးနန်းနှင့် ပြည်ထဲရေးအနိုင်ရ

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့်ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပသည်။

### ကြည့်ရှုအားပေး

ပြိုင်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် နေပြည်တော်ရှိဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

### အနိုင်ရရှိ

နေပြည်တော်ဘောလုံးကွင်းတွင် (ဆ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းကို ၁၁ဂိုး-၁ ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်းတွင် (ဆ)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဘောလုံးအသင်းကို ၄ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

၂၈-၇-၂၀၀၈

(နေပြည်တော်ကွင်း)

**(ဇ)အုပ်စုမှ စီးပွား/ကူးသန်းနှင့် အမှတ်(၂)စက်မှု**

(ပေါင်းလောင်းကွင်း)

**(ဇ)အုပ်စုမှ ပို့ဆောင်ရေးနှင့် စွမ်းအင်**

(၁၀၇)

ပေကျင်း အိုလံပစ်ပွဲတော်နှင့် သက်ဆိုင်သော သတင်းလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ခေတ်မီ သတင်းဆက်သွယ်ရေးကိရိယာများ တပ်ဆင်ထားသည့် မီဒီယာကျေးရွာကို ဇူလိုင် ၂၅ ရက်မှစ၍ ဖွင့်လှစ်ပြီးဖြစ်ရာ သတင်းသမားများ စတင်သုံးစွဲနိုင်ပြီဖြစ်သည်။

ပေကျင်း အိုလံပစ်ပွဲတော်ကို လုံခြုံအေးချမ်းသော အိုလံပစ်ပွဲတော်ဖြစ်စေရန် အဘက်ဘက်မှ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသည်။ ပွဲတော်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ စစ်ဘက်တပ်ဖွဲ့ဝင်များအပြင် စေတနာ့ဝန်ထမ်း လုံခြုံရေးဆောင်ရွက်သူ စုစုပေါင်း အင်အား ၁၁၀၀၀၀ ကျော်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။